ပြည်ထောင်စု မြန်မာနိုင်ငံအစိုးရ၏

၁၉၅၃ ခုနှစ်

လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး

အက်ဥပဒေ

[၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၇၅ (၂၆-၁၀-၅၃)၊ ၁၉၅၄ ခုနှစ်၊ အက်ဥပဒေ ပြင်ဆင်ချက်အမှတ် ၂၂ (၃၀-၃-၅၃)၊ ၁၉၅၅ ခုနှစ်၊ အက်ဥပဒေ ပြင်ဆင်ချက်အမှတ် ၅၄ (၁၉-၁၀-၅၅) နှင့် ၁၉၅၇ ခုနှစ်၊ အက်ဥပဒေပြင်ဆင်ချက်အမှတ် ၄၉ (၁၆-၁၀-၅၇) တို့ကို ဖြည့်စွက်ပြီး။]

၁၉၈၇ ခု
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးကော်ပိုရေးရှင်း၊ ရန်ကုန်မြို့

အစိုးရခန့် စာအုပ်စာတမ်းဖြန့်ချိရေး ကိုယ်စားလှယ်များစာရင်း

၁။ ရတနာပုံ ဦးလူကလေး စာအုပ်ဆိုင်၊ ၃၄ လမ်း၊ ညောင်ဇင်တန်းရပ်၊ မန္တလေး။
၂။ အမျိုးသား စာအုပ်ဆိုင်၊ ဈေးချိုတော် မြောက်ဘက်တိုက်တန်း၊ မန္တလေး။
၃။ ကော၊ ဘင်ဟွန်းနှင့် သားများ၊ ညောင်လေးပင်မြို့၊ ပဲခူးခရိုင်။
၄။ ဘာသာပြန်စာပေအသင်း၊ အမှတ် ၅၂၉—၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။
၅။ ပညာ့အလင်းစာပုံနှိပ်နှင့် စာအုပ်တိုက်၊ ၁၃၀၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်။
၆။ အဂါဝါ(လ်) စာအုပ်ဆိုင်၊ လမ်းမတော်၊ မြစ်ကြီးနားမြို့။
၇။ ဦးအောင်တင်၊ လူငယ်စာအုပ်ဆိုင်ကြီး၊ မင်းလမ်း၊ သထုံမြို့။
၈။ ဦးမောင်ကြီး၊ အောင်ဘရားသားစာအုပ်ဆိုင်၊ မြင်းမူလမ်း၊ မုံရွာမြို့။
၉။ အယ်စီဘရူးဝါး၊ နေရှင်နယ်စတိုး၊ အမှတ်၁၆–၁၇၊ ဈေးကျောင်းလမ်း၊ပုသိမ်မြို့။
၁၀။ ဒေါ်အေးကြည်၊ စာအုပ်ဆိုင်အမှတ် ၄၂—၄၄ (ဈေးအတွင်း) စာအုပ်ကုန်သည်၊ မြောင်းမြမြို့။
၁၁။ ဒို့ဗမာဦးသိန်း၊ ဒို့ဗမာစာအုပ်ဆိုင်နှင့်ဆေးဆိုင်၊ ၆၊ ဗိုလ်ချုပ်လမ်း၊ ဟင်္သာတမြို့။
၁၂။ ကြည်ကြည်ဆင့်၊ စတေရှင်နာရီမတ်၊ ဗိုလ်အောင်လမ်း၊ (အီးလမ်း)၊ပျဉ်းမနားမြို့။
၁၃။ ဇွဲစာပေရိပ်မြုံ၊ အမှတ် ၁၉၅ (ဘီ-၁)၊ ၃၃ လမ်း၊ ရန်ကုန်။
၁၄။ ဘီ၊ ဘီ၊ ဘရူးဝါး၊ နယူးဘားမား စာအုပ်ဆိုင်၊ အမှတ် ၂၈-၂၉၊ ကုန်သည်လမ်း၊ ပုသိမ်မြို့။
၁၅။ ရဲရင့်ပုံနှိပ်ဖြန့်ချိရေးနှင့်စာပေဌာန၊ ၈၄ လမ်း၊ ရုံတော်ကြီးနှင့် ၂၀ လမ်း၊တန်ဖြူတန်း၊ မန္တလေးမြို့။
၁၆။ တင်ဆွေအေး စာအုပ်ဆိုင်၊အမှတ် ၄၇၈၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန်။
၁၇။ စပို့ဆင်ဒီကိတ်၊ အားကစားပစ္စည်းရောင်းဝယ်ရေးဆိုင်၊ ကုန်သည်လမ်း၊တောင်ငူမြို့။
၁၈။ ရွှေဟင်္သာစတိုး၊ ဗိုလ်ချုပ်လမ်း၊ လားရှိုးမြို့။
၁၉။ ဦးလှဖေ၊ ဗေဒစတော့ စာပေဖြန့်ချိရေးဌာန၊ အမှတ် ၂၁၊ အရှေ့ဒီရုံ၊ ဗိုလ်ချုပ်ဈေးကြီး၊ ရန်ကုန်။

ပြင်ပနိုင်ငံများ

20. Messrs. Higginbothams Ltd., Post Box No. 311, Madras, India.
21. Messrs. Thacker Spink & Co. (1933) Ltd., Post Box 54—3, Esplanade' East. Calcutta (West Bengal).

မာတိကာ

အက်ဥပဒေ စာမျက်နှာ

အခန်း ၁
စကားချီး

၁။ အမည် ၁
၂။ ဝသည်ရာနယ်အဝန်း ၁
၃။ အဓိပ္ပာယ်ရှင်းလင်းဖော်ပြချက်များ ၁

အခန်း ၂
လယ်ယာမြေလွှဲပြောင်းခြင်းကို တားမြစ်ခြင်းနှင့် သိမ်းယူခြင်း

၄။ လွှဲပြောင်းခြင်းကိုတားမြစ်ခြင်း ၆
၅။ သိမ်းယူခြင်း ၆

အခန်း ၃
လယ်ယာမြေကို ကင်းလွတ်ခွင့်ပေးခြင်း

၆။ ကင်းလွတ်ခွင့်ပေးခြင်း ၆

အခန်း ၄
လယ်ယာမြေကိုဝေငှခြင်း

၇။ ဝေငှခြင်း ၁၁
၈။ စည်းကမ်းချက်များ ၁၃

အခန်း ၅
ကင်းလွတ်ခွင့်ပေးသည့် လယ်ယာမြေနှင့် ဝေငှသည့် လယ်ယာမြေအပေါ်တွင် ရရှိသည့် အခွင့်အရေးများ

၉။ ကင်းလွတ်ခွင့်ပေးသည့် လယ်ယာမြေနှင့် စပ်လျဉ်းသည့် အခွင့်အရေးများ ၁၃
၁၀။ ဝေငှသည့်လယ်ယာမြေနှင့် စပ်လျဉ်းသည့် အခွင့်အရေးများ ၁၄

အခန်း ၆
ကင်းလွတ်ခွင့်ပေးသည့်လယ်ယာမြေနှင့် ဝေငှသည့်လယ်ယာမြေနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များ

၁၁။ ကင်းလွတ်ခွင့်ပေးသည့် လယ်ယာမြေနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များ ၁၅
၁၂။ ဝေငှသော လယ်ယာမြေနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များ ၁၇

မာတိကာ

အက်ဥပဒေ စာမျက်နှာ

အခန်း ၇

တောင်သူလယ်သမား အဖွဲ့အစည်းများ

၁၃။ တောင်သူလယ်သမားအဖွဲ့အစည်းများ ၁၉

အခန်း ၈

မြေယာကော်မတီများ

၁၄။ ဗဟိုမြေယာကော်မတီ ၂၀
၁၅။ ခရိုင်မြေယာကော်မတီ ၂၀
၁၆။ ကျေးရွာ၊ သို့တည်းမဟုတ် ရပ်ကွက်မြေယာကော်မတီ.... .... ၂၁

အခန်း ၉

ကောင်စီများ

၁၇။ ကောင်စီများ ၂၁
၁၈။ ပြည်ထောင်စုမြေယာနှင့် ကျေးလက်ကြီးပွားရေးကောင်စီ၏ အာဏာများ ၂၂
၁၉။ တိုင်းမြေယာနှင့် ကျေးလက်ကြီးပွားရေး ကောင်စီများ၏ အာဏာများ.... ၂၂
၂၀။ ခရိုင်မြေယာနှင့် ကျေးလက်ကြီးပွားရေးကောင်စီများ၏ အာဏာများ ၂၂
၂၁။ ကောင်စီများ၏နယ်ပယ် ၂၂

အခန်း ၁၀

အာဏာပိုင်များနှင့် အမှုဆောင်အဖွဲ့များကို ခန့်အပ်ဖွဲ့စည်းခြင်း

၂၂။ ခန့်အပ်ဖွဲ့စည်းခြင်း ၂၃

အခန်း ၁၁

ကော်မတီ၊ ကောင်စီ၊ အမှုဆောင်အဖွဲ့နှင့် အာဏာပိုင်တို့၏ အဆင့်အတန်းနှင့် အာဏာများ

၂၃။ တရားမရုံး၏ အချို့အာဏာများကို လွှဲအပ်ခြင်း ၂၃
၂၄။ လွှတ်ငြိမ်းခွင့်ပေးခြင်း ၂၃
၂၅။ ပြည်သူ့ဝန်ထမ်း.... .... ၂၄

မာတိကာ

အက်ဥပဒေ　　　　　　　　　　　　　　　　　　　　စာမျက်နှာ

အခန်း ၁၂

နုတ်ပယ်ခြင်းနှင့် ဖျက်သိမ်းခြင်း

၂၆။ အဖွဲ့ဝင်များအားနုတ်ပယ်ခြင်း ၂၄

၂၇။ ကော်မတီ၊ ကောင်စီနှင့် အမှုဆောင်အဖွဲ့များကို ခေတ္တရပ်ဆိုင်းထားခြင်းနှင့် ဖျက်သိမ်းခြင်း ၂၄

၂၈။ အကူးအပြောင်းကာလဆိုင်ရာ လုပ်ငန်းအစီအစဉ် ၂၄

အခန်း ၁၃

စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်၍ ကင်းလွတ်ခွင့်ပြုပြီးသော လယ်ယာမြေနှင့် ဝေငှပြီးသော လယ်ယာများကို ပြန်လည်သိမ်းယူခြင်း

၂၉။ ပုဒ်မ ၁၁ ပါ စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်၍ ပြန်လည်သိမ်းယူခြင်း ၂၅

၃၀။ ပုဒ်မ ၁၁ ပါ အချို့စည်းကမ်းချက်များကို လိုက်နာရန် ထပ်တလဲလဲပျက်ကွက်၍ ပြန်လည်သိမ်းယူခြင်း ၂၅

၃၁။ ပုဒ်မ ၁၂ ပါ စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်၍ ပြန်လည်သိမ်းယူခြင်း ၂၆

၃၂။ ပုဒ်မ ၁၂ ပါ အချို့စည်းကမ်းချက်များကို လိုက်နာရန် ထပ်တလဲလဲပျက်ကွက်၍ ပြန်လည်သိမ်းယူခြင်း ၂၆

၃၃။ မပြေလည်သော အခွန်အတုတ်များကို တောင်းခံခြင်း.... .... ၂၆

အခန်း ၁၄

အယူခံခြင်း၊ ပြန်လည်ပြင်ဆင်ခြင်းနှင့် ပြင်ဆင်ခြင်းများ

၃၄။ အာဏာအပ်နှင်းခြင်း ၂၆

၃၅။ ပြင်ဆင်ခြင်း ၂၇

အခန်း ၁၅

တရားမရုံးနှင့် အခြားအာဏာပိုင်များ၏ စီရင်ပိုင်ခွင့်အာဏာကို တားမြစ်ခြင်း

၃၆။ တရားမရုံး၏ စီရင်ပိုင်ခွင့်အာဏာကို တားမြစ်ခြင်း ၂၇

၃၇။ လယ်ယာမြေကိုရောင်းချခြင်းမှ ကာကွယ်ခြင်း ၂၇

အခန်း ၁၆

လယ်ယာမြေကို အသုံးချခြင်း

၃၈။ လယ်ယာမြေကို အသုံးချခြင်း ၂၇

၃၉။ လယ်ယာမြေကို သတ်မှတ်သည့်နည်းလမ်းအတိုင်း အသုံးချခြင်း ၂၈

၄၀။ အချို့ မြေယာအမျိုးအစားကို အသုံးချခြင်းနှင့် ဆက်လက် ထားရှိခြင်း ၂၈

မာတိကာ

အက်ဉပဒေ | စာမျက်နှာ

အခန်း ၁၇

လယ်ယာမြေကို အုပ်ချုပ်ခြင်း

၄၁။ လယ်ယာမြေကို အုပ်ချုပ်ခြင်း ၂၇

အခန်း ၁၈

လျော်ကြေး

၄၂။ လျော်ကြေးပေးခြင်း ၂၇
၄၃။ အခြားနည်းဖြင့် သက်သာခွင့်ပေးခြင်း ၂၈
၄၄။ ဆယ်ဦးကော်မရှင် ၂၉
၄၅။ လျော်ကြေးအရာရှိများ ၃၀

အခန်း ၁၉

ပြစ်ဒဏ်များ

၄၆။ လွှဲပြောင်းခြင်းအတွက် ပြစ်ဒဏ် ၃၀
၄၇။ တားဆီးပိတ်ပင်သူတို့အတွက် ပြစ်ဒဏ် ၃၀
၄၈။ အမိန့်ကိုလိုက်နာရန် ပျက်ကွက်သည့်အတွက်ပြစ်ဒဏ် ၃၀
၄၈-က။ ခရိုင်မြေယာကော်မတီ၏ နှင်ထုတ်သည့်အမိန့်ကို လိုက်နာရန် ပျက်ကွက်သည့်အတွက် ပြစ်ဒဏ် ၃၁
၄၉။ ငါးဦး၊ သို့မဟုတ် ငါးဦးထက်ပိုသောသူများက ကျူးလွန်သည့်အတွက် ပြစ်ဒဏ် ၃၁

အခန်း ၂၀

အရပ်ရပ်ဆိုင်ရာ ပြဋ္ဌာန်းချက်များ

၅၀။ နည်းဥပဒေပြုခြင်း ၃၁
၅၁။ အထူးပြဋ္ဌာန်းချက် ၃၂
၅၂။ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်၍ ပြန်လည်သိမ်းယူသောမြေ ၃၂
၅၃။ ရုပ်သိမ်းခြင်းနှင့် မပြီးပြတ်သေးသော အမှုများ ၃၂
၅၄။ သန်လျင်မြို့နယ်တွင် ဆောင်ရွက်ချက်များကိုဖျက်သိမ်းခြင်း ၃၂

ဇယား ၁ .... ၃၄
ဇယား ၂ .... ၃၈

၁၉၅၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ

(၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၇၅)

[၁၉၅၄ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ အမှတ် ၂၂၊ ၁၉၅၅ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ အမှတ် ၅၄ နှင့် ၁၉၅၇ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင် ပြုလုပ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ အမှတ် ၄၈ ဖြည့်စွက်ပြီး။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

စကားချီး

အမည်။

၁။ ။ဤအက်ဥပဒေကို ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ ဟုခေါ်ရမည်။

တည်ရာနယ်အဝန်း။

၂။ ။ဤအက်ဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ဝန်းလုံးနှင့် သက်ဆိုင်စေရမည်။

အဓိပ္ပာယ်ရှင်းလင်း ဖော်ပြချက်များ။

၃။ ။ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပာယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင်—

(က) ''အရွယ်ရောက်ပြီးသူ'' ဆိုသည်မှာ၊ အသက် ၁၈ နှစ်ပြည့်ပြီးသူကို ဆိုလိုသည်။

(ခ) ''လယ်ယာမြေ'' ဆိုသည်မှာ၊ နိုင်ငံတော်က အလိုရှိသည့်အတိုင်း သုံးစွဲနိုင်သည့် လယ်ယာလုပ်ကိုင်နိုင်သော မြေရိုင်းများနှင့် လယ်၊ ယာ၊ ကိုင်း၊ ကျွန်း၊ ဥယျာဉ် စိုက်ပျိုးမှု၊ သို့တည်းမဟုတ် လယ်၊ ယာ၊ ကိုင်း၊ ကျွန်းဖြင့် အသက်မွေးမှုကိစ္စများအတွက်ဖြစ်စေ၊ ယင်းသို့ စိုက်ပျိုးမှုနှင့် အသက်မွေးမှု၏ အထောက်အပံ့ဖြစ်သော အမှုကိစ္စများ အတွက်ဖြစ်စေ လက်ရှိထားသည့်၊ သို့တည်းမဟုတ် သာမန်လုပ်ကိုင်သည့်၊ သို့တည်းမဟုတ် အငှားချထားပြီး ဖြစ်သည့်မြေကို ဆိုလိုသည့်ပြင်၊ ထိုစကားရပ်တွင် ထိုမြေပေါ်ရှိ လူနေအိမ်များနှင့် အခြားအဆောက်အအုံများ တည်ရာမြေများလည်း ပါဝင်သည်။ သို့ရာတွင် မြို့ရွာအတွင်းတည်ရှိသော လူနေအိမ်ရာအဖြစ် လက်ရှိထားသည့်မြေ မပါဝင်ချေ။

(ဂ) ''တောင်သူ လယ်သမား'' ဆိုသည်မှာ—

(ကက) လယ်ယာမြေကို မိမိ၏ အဓိက အသက်မွေးဝမ်းကျောင်း အဖြစ်ဖြင့်၊ မိမိလက်ဖြင့် လုပ်ကိုင်သူကို၊ သို့တည်းမဟုတ် မိမိလက်ဖြင့် အစဉ်တစိုက် လုပ်ကိုင်ခဲ့သူကို၊ သို့တည်းမဟုတ်

(ခခ) ဆိုင်ရာနှစ်တွင် လယ်ယာမြေကို မိမိ၏အဓိက အသက်မွေးဝမ်းကျောင်း အဖြစ်ဖြင့် လုပ်ငန်းလုပ်ကိုင်ချိန် တစ်လျှောက်လုံး ကိုယ်တိုင်ကြီးကြပ် လုပ်ကိုင်သူကို ဆိုလိုသည်။

(ဃ) "လယ်ယာမြေ အငှားချထားခြင်း" သို့တည်းမဟုတ် "လယ်ယာမြေ သီးစားချ ထားခြင်း" ဆိုသည်မှာ၊ ထိုလယ်ယာမြေတွင် အကျိုးခံစားခွင့်ကို အတိအလင်း အချိန်ကာလ ကန့်သတ်၍ဖြစ်စေ၊ အချိန်ကာလ ကန့်သတ်ရာ ရောက်သည့် အချက်အလက်များနှင့်ဖြစ်စေ၊ ထာဝစဉ်ဖြစ်စေ၊ အဖိုးစားနားနှင့် သော်လည်း ကောင်း၊ အဖိုးစားနား မပါဘဲသော်လည်းကောင်း လွှဲပြောင်းပေးခြင်းကို ဆိုလိုသည်။

(င) "တောင်သူလယ်သမား အိမ်ထောင်သားစု" ဆိုသည်မှာ၊ သွေးသားတော်စပ် ၍ဖြစ်စေ၊ အိမ်ထောင်မှုဖြင့် တော်စပ်၍ဖြစ်စေ အတူတကွ နေထိုင်လျက် အိမ်ထောင်သားစုတွင် အကြီးအကဲဖြစ်သူ တောင်သူ လယ်သမား တစ်ဦး၏ ရှာဖွေရရှိသော ဝင်ငွေများအပေါ် မှီခိုစားသောက် နေထိုင်သည့် လူတစ်စုကို ဆိုလိုသည်။

ရှင်းလင်းချက်။ ။အတူ နေသော်လည်း၊ စီးပွားတူ မဟုတ်သော အိုးခွဲစားသည့် အိမ်ထောင် သားစုများကို၊ သီးခြား အိမ်ထောင်သားစုဟု မှတ်ယူရမည်။

(စ) "အိမ်ထောင်သားစု အကြီးအကဲ" ဆိုသည်မှာ၊ အိမ်ထောင်သားတစ်စု၏အကြီး အကဲဖြစ်၍၊ ထိုအိမ်ထောင်သားစုတွင် လုပ်ငန်းများကို ခေါင်းဆောင်လုပ်ကိုင် သူကို ဆိုလိုသည်။

(ဆ) "တစ်လုံးတစ်စည်းတည်းဖြစ်၍ ပစ္စည်းမခွဲဝေရသေးသော တောင်သူလယ်သမား အိမ်ထောင်သားစု" ဆိုသည်မှာ၊ ထိုအိမ်ထောင်သားစုတွင် ပါဝင်သူ တစ်ဦးဦး၏ အမည်ဖြင့် ထားရှိသော လယ်ယာမြေအားလုံးကို၊ ထိုအိမ်ထောင် သားစုဘွင် ပါဝင်သူ အားလုံးက ပူးတွဲပိုင်ဆိုင်၍ အကျိုးတူ ခံစားခွင့်ရှိသော တောင်သူ လယ်သမား အိမ်ထောင်သားစုကို ဆိုလိုသည်။

(ဇ) "ပိုင်ဆိုင်သည်" ဆိုသည်မှာ၊ ဤအက်ဥပဒေ စတင်အာဏာမတည်မီ ကာလ အတွက်ဖြစ်လျှင်၊ ၎င်းကာလတွင် တည်ဆဲဖြစ်သော တရားဥပဒေ တစ်ခုခုအရ လယ်ယာမြေအပေါ်တွင် ပိုင်ဆိုင်ခွင့်ရရှိထားသူ တစ်ဦးတစ်ယောက်၏၊ သို့တည်း မဟုတ် ဘဏ်၏၊ သို့တည်းမဟုတ် ကုမ္ပဏီ၏၊ သို့တည်းမဟုတ် အဖွဲ့အစည်း၏၊ သို့တည်းမဟုတ် အစုစပ်၏၊ သို့တည်းမဟုတ် ပစ္စည်း မခွဲဝေရသေးသည့် ဟိန္ဒူ လူမျိုး အိမ်ထောင်သားစု၏၊ သို့တည်းမဟုတ် သာသနာရေး အဆောက် အအုံ၏ ပိုင်ဆိုင်ခြင်းကိုဖြစ်စေ၊ ဤအက်ဥပဒေ စတင်အာဏာ တည်ပြီးသည့် နောက်ကာလအတွက်ဖြစ်လျှင်၊ ဤအက်ဥပဒေအရ လယ်ယာမြေအပေါ်တွင် ရရှိသည့် ပိုင်ဆိုင်ခြင်းကိုဖြစ်စေ ဆိုလိုသည်။

အထက်ပါ ပြဋ္ဌာန်းချက်၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ တည်ဆဲ အခြား တရားဥပဒေတွင်မည်သို့ပင် ပါရှိစေကာမူ၊ လယ်မြန်၊ ငွေမြန်၊ သို့တည်းမဟုတ် အင်္ဂလိပ်နည်း ပေါင်နှံထားသည့်၊ သို့တည်းမဟုတ် စည်းကမ်းချက် ထား၍ ရောင်းချခြင်းဖြင့် ပေါင်နှံထားသည့်လယ်ယာမြေကို အပေါင်ခံသူသည်အဆိုပါ **လယ်ယာမြေကို ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှစ၍၊ ကင်းလွတ်ခွင့်**

ပြုသည့်နေ့ရက်၊ သို့တည်းမဟုတ် ဝေငှသည့် နေ့ရက်အထိ အဆက်မပြတ်လက်ရှိထားခဲ့လျှင်၊ ထိုအပေါင်ခံသူသည်၊ ထိုလယ်ယာမြေကို ပိုင်ဆိုင်သည်ဟုမှတ်ယူရမည်။

(ဈ) "သီးစား" ဆိုသည်မှာ၊ လယ်ယာမြေကို လက်ရှိထား၍ အဆိုပါ လယ်ယာမြေအတွက် သီးစားခပေးရန် တာဝန်ရှိသောသူကို၊ သို့တည်းမဟုတ် အဖွဲ့အစည်းကို ဆိုလိုသည်။

(ည) "အဆောက်အအုံဖြင့် တိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်း" ဆိုသည်မှာ၊ လယ်ယာမြေကို လက်ရှိပိုင်ဆိုင်သူ၏၊ သို့တည်းမဟုတ် ထိုပိုင်ဆိုင်သူလက်ရှိမရှိမိ ထိုလယ်ယာမြေကို အခြား ပိုင်ဆိုင်သူများ၏ စရိတ်ဖြင့်သော်လည်းကောင်း၊ လုပ်အားဖြင့်သော်လည်းကောင်း ပြုပြင်ခြင်းကြောင့်၊ လယ်ယာမြေ၏တန်ဖိုးကို ထာဝစဉ် မြင့်တင်စေသည့် ပြုပြင်ခြင်းကို ဆိုလိုသည်။ ထိုစကားရပ်တွင်၊ လယ်ယာလုပ်ကိုင်သူ နေထိုင်ရန်၊ သို့တည်းမဟုတ် လယ်ယာလုပ်ငန်း၏ အထောက်အမံ့ဖြစ်စေသော အမှုကိစ္စအတွက် တည်ဆောက်ပြုလုပ်ထားသော အဆောက်အအုံ၊ ရေထုတ် ရေသွင်းအတွက် လုပ်ဆောင်ထားမှုများ၊ ဆည်မြောင်းများ၊ ကန်များ၊ ရေတွင်းများ၊ ရေကာတာများ၊ လမ်းများနှင့် အခြားသောထာဝစဉ် တိုးတက်ကောင်းမွန်အောင် ပြုလုပ်သည့်လုပ်ဆောင်မှုများ ပါဝင်သည်။ သို့ရာတွင် ထွန်ယက်စိုက်ပျိုးရန်အတွက် မြေရှင်းခြင်း၊ ကန်သင်းပြုလုပ်ခြင်းနှင့် ထာဝစဉ်မတည်မြဲသည့် တိုးတက်ကောင်းမွန်အောင် ပြုပြင်သော လုပ်ဆောင်ထားမှုများ မပါဝင်ချေ။

(ဋ) "အုပ်ထိန်းသူ" ဆိုသည်မှာ၊ အရွယ်မရောက်သေးသူကို သော်လည်းကောင်း၊ စိတ်မပေါ့သွပ်သူကိုသော်လည်းကောင်း၊ ထိုသူတစ်ဦးဦး၏ပစ္စည်းကို၊ သို့တည်းမဟုတ် ပစ္စည်းနှင့်တကွ လူကိုသော်လည်းကောင်း၊ အုပ်ထိန်းစောင့်ရှောက်ရန်အတွက် သက်ဆိုင်ရာ စီရင်ပိုင်ခွင့် အာဏာရှိသည့်တရားရုံးက ခန့်အပ်သူကို ဆိုလိုသည်။

(ဌ) "တောင်သူလယ်သမား အဖွဲ့အစည်း" ဆိုသည်မှာ၊ ကျေးလက်စီးပွားရေးကို အားပေးချီးမြှင့်ရန် အလို့ငှာ၊ ဤအက်ဥပဒေအရ တည်ထောင်ဖွဲ့စည်းသော တောင်သူလယ်သမား အဖွဲ့အစည်းကို ဆိုလိုသည်။

(ဍ) "တစ်တုံးတွန်" ဆိုသည်မှာ၊ ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေဖြင့် ပြဋ္ဌာန်းသောလယ်ယာမြေ အကျယ်အဝန်းကို ဆိုလိုသည်။

(ဎ) "သာသနာ့ဝန်ထမ်း" ဆိုသည်မှာ၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေဖြင့် ပြဋ္ဌာန်းသောပုဂ္ဂိုလ်ကို ဆိုလိုသည်။

(ဏ) "သာသနာရေးအဆောက်အအုံ" ဆိုသည်မှာ၊ ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေဖြင့် ပြဋ္ဌာန်းသော အဆောက်အအုံကို ဆိုလိုသည်။

(တ) "မြေခွန်တော်" ဆိုသည်မှာ——

(ကက) အထက်မြန်မာပြည် မြေနှင့် အခွန်တော်ဥပဒေ (The Upper Burma Land and Revenue Regulation) အတည်ဖြစ်သော ဒေသများတွင်——

(ခခ) အထက်မြန်မာပြည် မြေနှင့် အခွန်တော်ဥပဒေ (The Upper Burma Land and Revenue Regulation) နှင့် ဆည်မြောင်း

အက်ဥပဒေ (The Canal Act) အရ ကြေးတိုင်မြေမျိုးကြီး အတန်းအစားနှုန်း (Soil class rate) ပြဋ္ဌာန်းထားသောကွင်းရှိ လယ်ယာမြေဖြစ်လျှင်၊ ၁၉၄၇-၄၈ ခု၊ မြေခွန်တော်နှစ် (1947-48 assessment season) အတွင်း တည်ဆဲဖြစ်သည့် ထိုပြဋ္ဌာန်းထားသော ကြေးတိုင် မြေမျိုးကြီး အတန်းအစားနှုန်းပြည့် (full soil class rate) ဖြင့် တွက်ချက်၍ရသော ခိုင်ကြေး (cess) မှတစ်ပါး၊ *[ရေခွန်တော် အပါအဝင်ဖြစ်သည့်] မြေခွန်တော်။

(ခါခါ) အထက်မြန်မာပြည်မြေနှင့်အခွန်တော်ဥပဒေ (The Upper Burma Land and Revenue Regulation) နှင့် ဆည်မြောင်း အက်ဥပဒေ (The Canal Act) အရ တစ်ပြေးတည်း သတ်မှတ်သည့် ကေနှုန်း (flat rate) ပြဋ္ဌာန်းထားသော ကွင်းရှိ လယ်ယာမြေ ဖြစ်လျှင် ၁၉၄၇-၄၈ ခု၊ မြေခွန်တော်နှစ် (1947-48 assessment season) အတွင်းတည်ဆဲဖြစ်သည့် ထိုပြဋ္ဌာန်းထားသော တစ်ပြေး တည်းသတ်မှတ်သည့် ကေနှုန်းပြည့်ဖြင့် တွက်ချက်၍ရသော ခိုင်ကြေး (cess) မှတစ်ပါး၊ *[ရေခွန်တော်အပါအဝင်ဖြစ်သည့်] မြေခွန်တော်။

(ဂါဂါ) အပိုဒ် (ကာကာ)၊ သို့တည်းမဟုတ် အပိုဒ် (ခါခါ) တွင် သီးခြားဖော်ပြသော ကြေးတိုင်မြေမျိုးကြီး အတန်းအစားနှုန်း၊ သို့တည်းမဟုတ် တစ်ပြေးတည်းသတ်မှတ်သော ကေနှုန်း ပြဋ္ဌာန်းထားသော်လည်း၊ ထိုနှုန်းဖြင့် လျော်ကြေးတွက်၍ မဖြစ်နိုင်ဟု နိုင်ငံတော်သမ္မတကယူဆ သောကွင်းရှိ လယ်ယာမြေဖြစ်လျှင်၊ ၁၉၄၇-၄၈ ခုနှစ် မတိုင်မီ ထိုလယ်ယာမြေအတွက် သာမန်အားဖြင့် နောက်ဆုံး စည်းကြပ်ခဲ့သည့် ခိုင်ကြေး (cess) မှ တစ်ပါး၊ *[ရေခွန်တော် အပါအဝင်ဖြစ်သည့်] မြေခွန်တော်။

(ဃာဃာ) အထက်မြန်မာပြည် မြေနှင့် အခွန်တော် ဥပဒေ (The Upper Burma Land and Revenue Regulation) နှင့် ဆည်မြောင်း အက်ဥပဒေ (The Canal Act) အရ ကွင်းအလိုက် ပုံသေနှုန်း (fixed demand) ပြဋ္ဌာန်းထားသောကွင်းရှိ လယ်ယာမြေဖြစ်လျှင် ထိုကွင်းအလိုက် ပုံသေနှုန်းအရ၊ ၁၉၄၇-၄၈ ခုနှစ် မတိုင်မီ၊ ထိုလယ်ယာ မြေအတွက် သာမန်အားဖြင့် နောက်ဆုံးစည်းကြပ်ခဲ့သည့် ခိုင်ကြေး (cess) မှတစ်ပါး၊ *[ရေခွန်တော်အပါအဝင်ဖြစ်သည့်] မြေခွန်တော်။

(ငါငါ) အပိုဒ် (ကာကာ)၊ (ခါခါ)၊ (ဂါဂါ)၊ သို့တည်းမဟုတ် အပိုဒ် (ဃာဃာ) တွင် သီးခြားဖော်ပြသော ကွင်းများမှအပ၊ အခြား ကွင်းရှိ လယ်ယာမြေဖြစ်လျှင်၊ ၁၉၄၇-၄၈ ခုနှစ်မတိုင်မီ၊ ထိုလယ်ယာ မြေအတွက် သာမန်အားဖြင့် နောက်ဆုံးစည်းကြပ်ခဲ့သည့် ခိုင်ကြေး (cess) မှ တစ်ပါး၊ *[ရေခွန်တော် အပါအဝင် ဖြစ်သည့်] မြေခွန်တော်။

---

*[ ] ပြင်ဆင်ချက် အက်ဥပဒေ အမှတ် ၂၂၊ နေ့စွဲ ၁၉၅၄ ခုနှစ်၊ မတ်လ ၃၀ ရက်အရ ထည့်သွင်းထားသည်။

(ခခ) မြေနှင့် အခွန်တော် အက်ဥပဒေ (The Land and Revenue Act) အတည်ဖြစ်သော ဒေသများတွင်—

(ကာကာ) မြေနှင့် အခွန်တော်အက်ဥပဒေ (The Land and Revenue Act) အရ၊ကြေးတိုင် မြေမျိုးကြီးအတန်းအစားနှုန်း (Soil class rate) ပြဋ္ဌာန်းထားသော ကွင်းရှိ လယ်ယာမြေ ဖြစ်လျှင်၊ ၁၉၄၇–၄၈ ခု၊ မြေခွန်တော်နှစ် (1947-48 assessment season) အတွင်း တည်ဆဲဖြစ်သည့် ထိုပြဋ္ဌာန်း ထား သော ကြေးတိုင် မြေမျိုးကြီး အတန်းအစားနှုန်းပြည့် (full soil class rate) ဖြင့် တွက်ချက်၍ရသော ခိုင်ကြေး (cess) မှတစ်ပါး၊ *[ရေခွန်တော် အပါအဝင် ဖြစ်သည့်] မြေခွန်တော်။

(ခါခါ) မြေနှင့် အခွန်တော် အက်ဥပဒေ (The Land and Revenue Act) အရ၊ တစ်ပြေးတည်း သတ်မှတ်သည့် ကေနှုန်း (flat rate) ပြဋ္ဌာန်းထားသောကွင်းရှိ လယ်ယာမြေဖြစ်လျှင်၊ ၁၉၄၇–၄၈ ခု၊ မြေခွန်တော်နှစ် (1947-48 assessment season) အတွင်း တည်ဆဲဖြစ်သည့် ထိုပြဋ္ဌာန်းထားသော တစ်ပြေးတည်းသတ်မှတ်သည့် ကေနှုန်းပြည့်ဖြင့် တွက်ချက်၍ရသော ခိုင်ကြေး (cess) မှတစ်ပါး၊ *[ရေခွန်တော်အပါအဝင်ဖြစ်သည့်] မြေခွန်တော်။

(ဂါဂါ) အပိုဒ် (ကာကာ) တွင်၊ သို့တည်းမဟုတ် အပိုဒ် (ခါခါ) တွင် သီးခြား ဖော်ပြထားသော ကြေးတိုင် မြေမျိုးကြီး အတန်းအစားနှုန်း၊ သို့တည်းမဟုတ် တစ်ပြေးတည်းသတ်မှတ်သော ကေနှုန်း ပြဋ္ဌာန်းထားသော်လည်း၊ ထိုနှုန်းဖြင့် လျော်ကြေးတွက်၍ မဖြစ်နိုင်ဟု နိုင်ငံတော်သမ္မတက ယူဆသော ကွင်းရှိ လယ်ယာမြေဖြစ်လျှင်၊ ၁၉၄၇–၄၈ ခုနှစ်မတိုင်မီ ထိုလယ်ယာမြေအတွက် သာမန်အားဖြင့် နောက်ဆုံးစည်းကြပ်ခဲ့သည့်ခိုင်ကြေး (cess) မှတစ်ပါး၊ *[ရေခွန်တော် အပါ အဝင်ဖြစ်သည့်] မြေခွန်တော်။

(ဃာဃာ) အပိုဒ် (ကာကာ)၊ (ခါခါ)၊ သို့တည်းမဟုတ် အပိုဒ်(ဂါဂါ) တွင် သီးခြားဖော်ပြသော ကွင်းများမှအပ အခြားကွင်းရှိ လယ်ယာမြေဖြစ်လျှင်၊၁၉၄၇-၄၈ ခုနှစ်မတိုင်မီ၊ထိုလယ်ယာမြေအတွက် သာမန်အားဖြင့် နောက်ဆုံး စည်းကြပ်ခဲ့သည့် ခိုင်ကြေး (cess) မှတစ်ပါး၊ *[ရေခွန်တော် အပါအဝင်ဖြစ်သည့်] မြေခွန်တော်ကို ဆိုလိုသည်။

ရှင်းလင်းချက်။ ။သာမန်အားဖြင့် နောက်ဆုံး စည်းကြပ်ခဲ့သည့် ခိုင်ကြေး (cess) မှတစ်ပါး၊ *[ရေခွန်တော် အပါအဝင် ဖြစ်သည့်] မြေခွန်တော်ဆိုရာ၌၊ မြေလပ်အခွန်နှုန်း (fallow rate) နှင့် လျော့ပေါ့သည့် လယ်ပျက်ခွန် (reduced rate) များ မပါဝင်ချေ။

---

* [ ]ပြင်ဆင်ချက် အက်ဥပဒေအမှတ် ၂၂၊ နေ့စွဲ ၁၉၅၄ ခုနှစ်၊ မတ်လ ၃၀ ရက်အရ ထည့်သွင်းထားသည်။

အခန်း ၂

လယ်ယာမြေလွှဲပြောင်းခြင်းကို တားမြစ်ခြင်းနှင့် သိမ်းယူခြင်း

၄။ **လွှဲပြောင်းခြင်းကို တားမြစ်ခြင်း။** ။ဤအက်ဥပဒေ စတင် အာဏာတည်သည့် နေ့မှစ၍၊ ဤအက်ဥပဒေနှင့်လည်းကောင်း၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများနှင့်လည်းကောင်း၊ မညီညွတ်လျှင် လယ်ယာမြေကို ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ အခြားနည်းဖြင့် လွှဲပြောင်းခြင်း၊ သို့တည်းမဟုတ် ခွဲစိတ်ခြင်း မပြုရ။

* **ခြွင်းချက်။** ။သို့ရာတွင် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည်—

(က) လယ်ယာမြေကို ဤအက်ဥပဒေအရ ပြန်လည်သိမ်းယူခြင်း မပြုမီ၊ သို့တည်းမဟုတ် ကင်းလွတ်ခွင့်မပေးမီ၊ ပြန်လည်ရွေးနုတ်ခြင်းနှင့် မသက်ဆိုင်စေရ။

(ခ) လယ်ယာမြေကို နိုင်ငံတော်သို့ လွှဲပြောင်းပေးခြင်းနှင့် မသက်ဆိုင်စေရ။

၅။ **သိမ်းယူခြင်း။** ။(၁) နိုင်ငံတော် သမ္မတသည်၊ ဤအက်ဥပဒေ စတင် အာဏာတည်ပြီးသည့် နောက်၌၊ပုဒ်မ ၆ အရ ကင်းလွတ်ခွင့်ပြုသည့် ဇယား ၁ တွင် ဖော်ပြထားသော လယ်ယာမြေမှတစ်ပါး၊ အခြားလယ်ယာမြေ အားလုံးကိုပြန်လည် သိမ်းယူနိုင်သည်။

(၂) နိုင်ငံတော် သမ္မတသည်၊ပုဒ်မခွဲ(၁)တွင် ရည်ညွှန်းဖော်ပြထားသည့် လယ်ယာမြေကို အမိန့်ကြော်ငြာစာဖြင့် ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖော်ပြသည့်ဒေသများတွင် သီးခြားသတ်မှတ်သည့် နေ့ရက်များ၌ သိမ်းယူသည်ဟု ကြေညာနိုင်သည်။

(၃) တည်ဆဲအခြား မည်သည့်တရား ဥပဒေတွင်ဖြစ်စေ၊သဘောတူစာချုပ်၊ပဋိညာဉ်စာချုပ်၊ အပိုင်စာချုပ်၊ အငှားစာချုပ်၊ သို့တည်းမဟုတ် လိုင်စင်တွင်ဖြစ်စေ မည်သို့ပင်ပါရှိစေကာမူ၊နိုင်ငံတော်၏ အခွင့်အရေးများမှတစ်ပါး၊ ပုဒ်မခွဲ(၁)အရ၊နိုင်ငံတော်က ပြန်လည်သိမ်းယူနိုင်သည့် လယ်ယာမြေအပေါ်၌၊ ထိုလယ်ယာမြေနှင့် စပ်လျဉ်း၍ ပုဒ်မခွဲ(၂) အရ၊ ကြေညာခြင်း မပြုလုပ်မီအခါက သက်ရောက်သမျှသော အခြားအခွင့်အရေး အားလုံးသည် ထိုလယ်ယာမြေကို နိုင်ငံတော် သမ္မတက ပြန်လည်သိမ်းယူသည့်အခါ၌ လုံးဝရုပ်စဲသွားရမည်။ ထို့ပြင် ဤအက်ဥပဒေအရ၊ လယ်ယာမြေကို ပြန်လည် သိမ်းယူပြီးသည့်နောက်တွင်၊ အဆိုပါ လယ်ယာမြေအပေါ်တွင်၊ နိုင်ငံတော်၏ အခွင့်အရေးမှတစ်ပါး၊ အခြားမည်သည့်အခွင့်အရေးမျှ ပုဒ်မ ၁၀ တွင် အတိအလင်း ပြဋ္ဌာန်းထားသည့် အတိုင်းမှတစ်ပါး၊ ပေါ်ပေါက်သက်ရောက်ခြင်းမရှိစေရ။

အခန်း ၃

လယ်ယာမြေကို ကင်းလွတ်ခွင့်ပေးခြင်း

၆။ **ကင်းလွတ်ခွင့်ပေးခြင်း။** ။(၁) အောက်ပါတောင်သူလယ်သမား အိမ်ထောင်သားစုအား၊ သို့တည်းမဟုတ် ပုဂ္ဂိုလ်အား ၎င်းတို့ပိုင်ဆိုင်သော ဇယား ၁၊ အပိုဒ် ၁၊ ၂၊ ၃၊ သို့တည်းမဟုတ် အပိုဒ် ၄ တွင် သီးခြားဖော်ပြထားသည့် လယ်

---

* ပြင်ဆင်ချက် အက်ဥပဒေ အမှတ် ၅၄၊ နေ့စွဲ ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်အရ ပြင်ဆင်ထားသည်။

ယာမြေ အမျိုးအစားနှင့် အတိုင်းအတာကိုပုဒ်မ ၅ အရ၊ ပြန်လည်သိမ်းယူခြင်းမှ ကင်းလွတ်ခွင့် ပြုရမည်။

(က) အောက်ပါ စည်းကမ်းချက်များနှင့် ညီညွတ်သော အိမ်ထောင်သားစု။

(ကက) ထိုအိမ်ထောင်သားစုသည်၊ တောင်သူလယ်သမား အိမ်ထောင်သားစု ဖြစ်ရမည်။

(ခခ) ထိုအိမ်ထောင်သားစုတွင် ပါဝင်သူတစ်ဦးသည် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှစ၍၊ ထိုလယ်ယာမြေကိုအဆက်မပြတ်ပိုင်ဆိုင်ရမည်။

(ဂဂ) ထိုအိမ်ထောင်သားစု၏ အကြီးအကဲ တစ်ဦးသည် သို့တည်းမဟုတ် တစ်ဦးထက်ပိုသော အကြီးအကဲများသည် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် တောင်သူလယ်သမားအဖြစ် ရောက်ရှိပြီးဖြစ်ရမည်။ ထို့ပြင်

(ဃဃ) ထိုအိမ်ထောင်သားစုတွင် ပါဝင်သူအများသည်၊ ပြည်ထောင်စု နိုင်ငံသားများဖြစ်ရမည်။

ခြွင်းချက်။ ။သို့ရာတွင် အဆိုပါ တောင်သူလယ်သမား အိမ်ထောင်သားစုတွင် ပါဝင်သည့် အရွယ်ရောက်ပြီးသူ တစ်ဦးသည် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့၌ ထိုလယ်ယာမြေကို ပိုင်ဆိုင်ခဲ့သော ထိုအိမ်ထောင်သားစု၏ အကြီးအကဲထံမှ အမွေဆက်ခံလျှင်၊ ထိုသူသည် အဆိုပါလယ်ယာမြေကို ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှစ၍ အဆက်မပြတ် ပိုင်ဆိုင်သည်ဟုမှတ်ယူရမည်။

(ခ) အောက်ပါစည်းကမ်းချက်များနှင့် ညီညွတ်သည့် တစ်လုံးတစ်စည်းတည်းဖြစ်၍၊ ပစ္စည်းမခွဲဝေရသေးသော အိမ်ထောင်သားစု။

(ကက) ထိုအိမ်ထောင်သားစုသည် တောင်သူလယ်သမား အိမ်ထောင်သားစု ဖြစ်ရမည်။

(ခခ) ထိုအိမ်ထောင်သားစုတွင် ပါဝင်သူအကြီးအကဲတစ်ဦးသည်၊ သို့တည်းမဟုတ် တစ်ဦးထက်ပိုသော အကြီးအကဲများသည် ၁၉၄၇ ခုနှစ်၊ဇန်နဝါရီလ ၄ ရက်နေ့မှစ၍၊ ထိုလယ်ယာမြေကို အဆက်မပြတ်ပိုင်ဆိုင်ရမည်။

(ဂဂ) ထိုအိမ်ထောင်သားစု၏ အကြီးအကဲတစ်ဦးသည်၊ သို့တည်းမဟုတ် တစ်ဦးထက်ပိုသော အကြီးအကဲများသည် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် တောင်သူလယ်သမားအဖြစ် ရောက်ရှိပြီးဖြစ်ရမည်။ ထို့ပြင်

(ဃဃ) ထိုအိမ်ထောင်သားစုတွင် ပါဝင်သူအများသည်၊ ပြည်ထောင်စု နိုင်ငံသားများဖြစ်ရမည်။

ပထမခြွင်းချက်။ ။သို့ရာတွင် လယ်ယာမြေကို သိမ်းယူခြင်းမှ သာမန်အားဖြင့်ရှိသည့် ကင်းလွတ်ခွင့်ထက် ပိုမိုသောကင်းလွတ်ခွင့်ကို ရရှိနိုင်ရန်အလို့ငှာ၊ အဆိုပါ အိမ်ထောင်သားစုတွင်ပါဝင်သော လယ်ယာမြေကို လုပ်ကိုင်သည့်အရွယ်ရောက်ပြီးသူ အရေအတွက်မှာ လေးယောက်ထက် ပိုစေရမည့်ပြင်၊ ထိုအရွယ်ရောက်ပြီးသူတို့ကလည်း၊ အဆိုပါ အိမ်ထောင် သားစုအကြီးအကဲပိုင်ဆိုင်သော လယ်ယာမြေကို လုပ်ကိုင်ရမည်။

ဒုတိယခြွင်းချက်။ ။သို့ရာတွင် အဆိုပါ တောင်သူလယ်သမား အိမ်ထောင်သားစုတွင် ပါဝင်သည့် အရွယ်ရောက်ပြီးသူတစ်ဦးသည် ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့၌ ထိုလယ်ယာကိုမြေကို ပိုင်ဆိုင်ခဲ့သော ထိုအိမ်ထောင်သားစု၏ အကြီးအကဲထံမှ အမွေဆက်ခံလျှင်၊ ထိုသူသည် အဆိုပါလယ်ယာမြေကို ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှစ၍ အဆက်မပြတ် ပိုင်ဆိုင်သည်ဟုမှတ်ယူရမည်။

(ဂ) အောက်ပါစည်းကမ်းချက်များနှင့် ညီညွတ်သော အရွယ်မရောက်သေးသူ။

(ကက) ထိုသူသည် အဖသော်လည်းကောင်း၊ အမိသော်လည်းကောင်း မဲ့သူဖြစ်ရမည်။

(ခခ) ထိုသူသည် အပိုဒ် (က) တွင် သီးခြားဖော်ပြထားသည့် တောင်သူလယ်သမား အိမ်ထောင်သားစုတွင် ပါဝင်သူဖြစ်ရမည်။

(ဂဂ) ထိုသူသည် အဆိုပါလယ်ယာမြေကို ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့၌ ပိုင်ဆိုင်ခဲ့သော အဆိုပါ အိမ်ထောင်သားစု၏ အကြီးအကဲထံမှ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့နောက်မှအမွေဆက်ခံ၍ ထိုလယ်ယာမြေကို ရရှိသူဖြစ်ရမည်။

(ဃဃ) ထိုသူသည် အုပ်ထိန်းသူ၏ စောင့်ရှောက်ခြင်းမှ မကင်းသေးသူ ဖြစ်ရမည်။ ထို့ပြင်

(ငင) ထိုသူသည် ပြည်ထောင်စုနိုင်ငံသား ဖြစ်ရမည်။

(ဃ) အောက်ပါစည်းကမ်းချက်များနှင့် ညီညွတ်သော စိတ်ပေါ့သွပ်သူ။

(ကက) ထိုသူသည် အပိုဒ် (က) တွင် သီးခြားဖော်ပြထားသည့် တောင်သူလယ်သမား အိမ်ထောင်သားစုတွင် ပါဝင်သူဖြစ်ရမည်။

(ခခ) ထိုသူသည် အဆိုပါလယ်ယာမြေကို ပိုင်ဆိုင်သူဖြစ်ရမည်။

(ဂဂ) ထိုသူသည် အုပ်ထိန်းသူ၏စောင့်ရှောက်ခြင်းမှ မကင်းသေးသူဖြစ်၍၊ စိတ်ပေါ့သွပ်သူဟု အခွင့်အာဏာရ တရားရုံး၏ အမိန့်ချမှတ်ခြင်း ခံနေရသူလည်းဖြစ်ရမည်။ ထို့ပြင်

(ဃဃ) ထိုသူသည် ပြည်ထောင်စုနိုင်ငံသား ဖြစ်ရမည်။

(င) အောက်ပါစည်းကမ်းချက်များနှင့် ညီညွတ်သည့်အိမ်ထောင်သားစု၏ အကြီးအကဲပါဝင်သော တောင်သူလယ်သမား မဟုတ်သည့် အိမ်ထောင်သားစု။

(ကက) ထိုသူသည် အဆိုပါလယ်ယာမြေကို ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှစ၍ အဆက်မပြတ် ပိုင်ဆိုင်ရမည်။ သို့တည်းမဟုတ် အဆိုပါ လယ်ယာမြေကို ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့၌ ပိုင်ဆိုင်ခဲ့သူထံမှ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့နောက်မှ အမွေဆက်ခံ၍ ထိုလယ်ယာမြေကို ရရှိသူဖြစ်ရမည်။

(ခခ) ထိုသူသည် အဆိုပါ လယ်ယာမြေ တည်ရှိရာ ကျေးရွာနယ်မြေတွင်၊ သို့တည်းမဟုတ် ရပ်ကွက်တွင် အမြဲနေထိုင်ရမည်။

(ဂဂ) ထိုသူသည် အဆိုပါ လယ်ယာမြေကို ပုဒ်မ ၃၊ အပိုဒ် (ဂ)တွင်ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း သတ်မှတ်ထားသည့်အချိန်ကာလအတွင်း လုပ်ကိုင်ပါမည်ဟု စာဖြင့်ရေးသား၍ ကတိပေးရမည်။ ထို့ပြင်

(ဃဃ) ထိုသူသည် ပြည်ထောင်စုနိုင်ငံသား ဖြစ်ရမည်။

ခြွင်းချက်။ ။သို့ရာတွင် နိုင်ငံတော်သမ္မတက ဖြစ်စေ၊ ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတကခန့်အပ်သည့် အာဏာပိုင်များကဖြစ်စေ၊ အဆိုပါလယ်ယာမြေတည်ရှိရာကျေးရွာနယ်မြေ၊ သို့တည်းမဟုတ် ရပ်ကွက်ပြင်ပ၌ ထိုအိမ်ထောင်သားစု၏အကြီးအကဲ အမြဲနေထိုင်ခြင်းသည် အပိုဒ်ခွဲ(ဂဂ)တွင် သီးခြားဖော်ပြထားသည့် စည်းကမ်းချက်များကိုလိုက်နာရန် ပျက်ကွက်စေမည့်အကြောင်းမဟုတ်ဟုယူဆလျှင် အပိုဒ်ခွဲ(ခခ)တွင် သီးခြားဖော်ပြထားသည့်စည်းကမ်းချက်ကို လျှော့ပေါ့နိုင်သည်။

*(စ) အောက်ပါစည်းကမ်းချက်များနှင့်ညီညွတ်သော အိမ်ထောင်သားစု။

(ကက) ထိုအိမ်ထောင်သားစုသည် တောင်သူလယ်သမား အိမ်ထောင်သားစု ဖြစ်ရမည်။

(ခခ) ထိုအိမ်ထောင်သားစုတွင် ပါဝင်သူ တစ်ဦးသည် ၁၉၅၃ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့မှစ၍ ထိုလယ်ယာမြေကိုအဆက်မပြတ် ပိုင်ဆိုင်ရမည်။

(ဂဂ) ထိုအိမ်ထောင်သားစု၏အကြီးအကဲတစ်ဦးသည်၊ သို့တည်းမဟုတ်တစ်ဦးထက်ပိုသော အကြီးအကဲများသည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် တောင်သူလယ်သမားအဖြစ် ရောက်ရှိပြီး ဖြစ်ရမည်။ ထို့ပြင်

(ဃဃ) ထိုအိမ်ထောင်သားစုတွင် ပါဝင်သူအများသည် ပြည်ထောင်စု နိုင်ငံသားများဖြစ်ရမည်။

ခြွင်းချက်။ ။သို့ရာတွင် အဆိုပါတောင်သူလယ်သမား အိမ်ထောင်သားစုတွင် ပါဝင်သည့်အရွယ်ရောက်ပြီးသူ တစ်ဦးသည် ၁၉၅၃ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့၌ထို လယ်ယာမြေကိုပိုင်ဆိုင်ခဲ့သော ထိုအိမ်ထောင်သားစု၏ အကြီးအကဲထံမှ အမွေဆက်ခံလျှင်၊ ထိုသူသည်အဆိုပါလယ်ယာမြေကို ၁၉၅၃ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့မှစ၍၊ အဆက်မပြတ် ပိုင်ဆိုင်သည်ဟုမှတ်ယူရမည်။

***ပုဒ်မခွဲ(၁)၏ ပထမခြွင်းချက်။** ။သို့ရာတွင် ဇယား ၁၊ အပိုဒ် ၁၊ ၂၊ ၃ နှင့် ၄ တွင် သီးခြားဖော်ပြထားသည့် လယ်ယာမြေတစ်မျိုးအတွက် ဤပုဒ်မခွဲအရ ကင်းလွတ်ခွင့်တောင်းဆိုလျှင် ထိုသို့ကင်းလွတ်ခွင့်ရရှိရန် တောင်းဆိုသည့် လယ်ယာမြေအားလုံး၏ အတိုင်းအတာစုစုပေါင်းသည် ထိုလယ်ယာမြေ အမျိုးအစားအတွက် ဇယား ၁ တွင် သတ်မှတ်ထားသော အတိုင်းအတာထက်မပိုစေရ။

---

* မြေယာဆိုင်ရာအက်ဥပဒေ အမှတ် ၂၂၊ နေ့စွဲ ၁၉၅၄ ခုနှစ်၊ မတ်လ ၃၀ ရက်အရ ထည့်သွင်းထားသည်။

*ပုဒ်မခွဲ(၁) ၏ဒုတိယခြွင်းချက်။ ။သို့ရာတွင် ဇယား ၁၊ အပိုဒ် ၁၊ ၂၊ ၃ နှင့် ၄ တွင်သီးခြားဖော်ပြထားသည့် တစ်မျိုးထက်ပိုသော လယ်ယာမြေအတွက် ဤ ပုဒ်မခွဲအရ ကင်းလွတ်ခွင့်တောင်းဆိုလျှင် ထိုသို့ကင်းလွတ်ခွင့်ရရှိရန် တောင်းဆိုသည့် လယ်ယာမြေအားလုံး၏အတိုင်းအတာ စုစုပေါင်းကို တွက်ချက်ရာ၌ ဇယား ၁ တွင်ပြဋ္ဌာန်းသတ်မှတ်ထားသည့်အတိုင်းအတာ အမျိုးအစားနှင့်အညီ ကင်းလွတ်ခွင့်တောင်းဆိုသောလယ်ယာမြေအမျိုးအစားများကို တစ်မျိုးတစ်စားတည်းဖြစ်အောင် ပြောင်းလဲ တွက်ချက်ရမည်။ ထိုသို့တွက်ချက်၍ရသော လယ်ယာမြေတစ်မျိုးတစ်စား၏အတိုင်းအတာ စုစုပေါင်းသည် ထိုအမျိုးအစားအတွက် ဇယား ၁ တွင် သတ်မှတ်ထားသောအတိုင်းအတာထက်မပိုစေရ။

† ပုဒ်မခွဲ(၁)၏ တတိယခြွင်းချက်။ ။သို့ရာတွင်ဇယား ၁ အပိုဒ် ၁၊ ၂၊ ၃၊ သို့တည်းမဟုတ် အပိုဒ် ၄ တွင် သီးခြားဖော်ပြထားသည့် လယ်ယာမြေကို ကင်းလွတ်ခွင့်ပေးရာ၌ သက်ဆိုင်ရာတောင်သူလယ်သမားအိမ်ထောင်သားစု၏ သို့တည်းမဟုတ် ပုဂ္ဂိုလ်၏ လက်ရှိလုပ်ကိုင်နေသော လယ်ယာမြေအတိုင်းအတာနှင့် ၎င်းတို့၏ လုပ်အားအပြင် ၎င်းတို့ လုပ်ကိုင်နိုင်သည့်အရည်အချင်းကို အထောက်အထားပြုလျက် အဆိုပါ ဇယား ၁၊ အပိုဒ် ၁၊ ၂၊ ၃၊ သို့တည်းမဟုတ် အပိုဒ် ၄ တွင် သတ်မှတ်ထားသော အတိုင်းအတာအောက်လျော့၍ ကင်းလွတ်ခွင့်ပြုနိုင်သည်။

(၂) အောက်ပါစည်းကမ်းချက်များနှင့်ညီညွတ်သော သာသနာရေး အဆောက်အအုံပိုင်ဆိုင်သည့်လယ်ယာမြေကို ဇယား(၁)တွင် သတ်မှတ်ထားသည့်အတိုင်း ပုဒ်မ ၂ အရ ပြန်လည်သိမ်းယူခြင်းမှ ကင်းလွတ်ခွင့်ပြုရမည်။

(က) အဆိုပါလယ်ယာမြေသည်——

(ကက) ဝတ္တုကံမြေဟု အမျိုးအစား ခွဲခြား သတ်မှတ် ထားပြီး ဖြစ် ရမည်။ သို့တည်းမဟုတ်

(ခခ) မြန်မာဘုရင်များက ဝတ္တုကံမြေအဖြစ်ဟု လှူဒါန်းထားသော လယ်ယာမြေဖြစ်ရမည်။ သို့တည်းမဟုတ်

(ဂဂ) သာသနာရေး ကိစ္စများအတွက် မြေခွန်တော်လွတ် အပိုင်စာချုပ်ဖြင့် ပေးပြီးသော လယ်ယာမြေဖြစ်ရမည်။ သို့တည်းမဟုတ်

(ဃဃ) အဆိုပါအဆောက်အအုံသို့ ၁၉၅၃ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့မတိုင်မီက အဆိုပါလယ်ယာမြေကို ပေးလှူလှဲပြောင်း ထားပြီးဖြစ်ကြောင်း သက်ဆိုင်ရာမြေစာရင်းဌာန စာရင်းတွင် ထိုနေ့မတိုင်မီက မှတ်သားထားပြီး ဖြစ်ရမည်။ သို့ရာတွင် ထိုလယ်ယာမြေသည် မြည်နယ် တစ်ခုခုတွင်ဖြစ်စေ၊ ချင်းဝိသေသတိုင်းတွင်ဖြစ်စေ၊ ‡[မြေစာရင်းဌာနစာရင်းမရှိသောနယ်ကွင်းတွင်ဖြစ်စေ] တည်ရှိသောလယ်ယာမြေဖြစ်လျှင် အဆိုပါအဆောက်

---

* [ ]ပြင်ဆင်ချက် အက်ဥပဒေအမှတ် ၂၂၊ ခုနှစ် ၁၉၅၄ ခုနှစ်၊ မတ်လ ၃၀ ရက်အရ၊ ထည့်သွင်းထားသည်။ [အပိုဒ် (င) ၏ ဒုတိယခြွင်းချက်မှပုဒ်မခွဲ (၁) ၏ ဒုတိယခြွင်းချက်ဖြစ်လာသည်။]

† ပြင်ဆင်ချက် အက်ဥပဒေအမှတ် ၅၄၊ ခုနှစ် ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်အရ၊ ထည့်သွင်းထားသည်။

‡ [ ]ပြင်ဆင်ချက် အက်ဥပဒေ အမှတ် ၂၂၊ ခုနှစ် ၁၉၅၄ ခုနှစ်၊ မတ်လ ၃၀ ရက်အရ၊ ထည့်သွင်းထားသည်။

အဖွဲ့သို့ ၁၉၅၃ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့မတိုင်မီက ပေးလှူလွှဲပြောင်းထားပြီး ဖြစ်ကြောင်း နိုင်ငံတော်သမ္မတက ကျေနပ်လောက်အောင် လုံလောက်သော သက်သေအထောက်အထားရှိရမည်။ ထို့ပြင်

(ခ) အဆိုပါ လယ်ယာမြေမှ ရရှိသည့်ဝင်ငွေ၊ ဝတ္ထုပစ္စည်းကို သာသနာရေးကိစ္စသက်သက်အတွက် အသုံးပြုရမည်။ ထို့ပြင်

(ဂ) အဆိုပါအဆောက်အအုံ၏ ဂေါပကလူကြီးများ စီမံအုပ်ချုပ်သည့်လယ်ယာမြေဖြစ်ရမည်။

(၃) အောက်ပါစည်းကမ်းချက်များနှင့် ညီညွတ်သော သာသနာ့ဝန်ထမ်းပိုင်ဆိုင်သည့် လယ်ယာမြေကို ဇယား ၁ တွင် သတ်မှတ်ထားသည့်အတိုင်း၊ ပုဒ်မ ၅ အရ၊ ပြန်လည်သိမ်းယူခြင်းမှ ကင်းလွတ်ခွင့်ပြုရမည်—

(က) ထိုပုဂ္ဂိုလ်သည် အဆိုပါ လယ်ယာမြေကို ပိုင်ဆိုင်ရမည်။

(ခ) ၁၉၅၃ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့မတိုင်မီက အဆိုပါ လယ်ယာမြေကို ထိုပုဂ္ဂိုလ်အားပေးလှူလွှဲပြောင်းထားပြီးဖြစ်ကြောင်းသက်ဆိုင်ရာမြေ စာရင်းဌာနစာရင်းတွင် ထိုနေ့မတိုင်မီက မှတ်သား ထားပြီး ဖြစ်ရမည်။ သို့ရာတွင် ထို လယ်ယာမြေသည် ပြည်နယ် တစ်ခုခုတွင်ဖြစ်စေ၊ ချင်းဝိသေသတိုင်းတွင်ဖြစ်စေ၊* [မြေစာရင်းဌာန စာရင်းမရှိသောကွင်းတွင်ဖြစ်စေ] ၊တည်ရှိသော လယ်ယာမြေဖြစ်လျှင် အဆိုပါပုဂ္ဂိုလ်သို့ ၁၉၅၃ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့မတိုင်မီက ပေးလှူ လွှဲပြောင်းထားပြီး ဖြစ်ကြောင်း နိုင်ငံတော် သမ္မတက ကျေနပ်လောက်အောင် လုံလောက်သော သက်သေ အထောက်အထားရှိရမည်။

(ဂ) အဆိုပါ လယ်ယာမြေမှ ရရှိသည့်ဝင်ငွေ၊ ဝတ္ထုပစ္စည်းကို သာသနာရေးကိစ္စသက်သက်အတွက် အသုံးပြုရမည်။ ထို့ပြင်

(ဃ) ထိုပုဂ္ဂိုလ်သည် ပြည်ထောင်စု နိုင်ငံသား ဖြစ်ရမည်။

(၄) ဇယား ၁၊ အပိုဒ် ၅၊ ၆၊ သို့တည်းမဟုတ် အပိုဒ် ၇ တွင် သီးခြားဖော်ပြထားသည့် လယ်ယာမြေတစ်မျိုးမျိုးကို အဆိုပါဇယား ၁ တွင် ထိုလယ်ယာမြေအတွက် သီးခြားဖော်ပြထားသည့် အတိုင်းအတာနှင့်အညီ ပုဒ်မ ၅ အရ၊ ပြန်လည်သိမ်းယူခြင်းမှ ကင်းလွတ်ခွင့် ပြုရမည်။

အခန်း ၄

လယ်ယာမြေကိုဝေငှခြင်း

၇။ ဝေငှခြင်း။ ။(၁) ပုဒ်မ ဂ ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ နိုင်ငံတော်အတွက် လိုအပ်သော လယ်ယာမြေမှအပ ပုဒ်မ ၅ အရ၊ နိုင်ငံတော်က ပြန်လည်သိမ်းယူထားသော လယ်ယာမြေကို ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည့် ဦးစားပေးရန်အစီအစဉ်များနှင့်အညီ

---

*[ ] ဖြင့်ဆင်ရျက် အက်ဥပဒေ အမှတ် ၂၂၊ နေ့စွဲ ၁၉၅၄ ခုနှစ်၊ မတ်လ ၃၀ ရက် အရ ထည့်သွင်းထားသည်။

အောက်ပါတောင်သူလယ်သမား အိမ်ထောင်သားစုများအား၊ အောက်တွင်သီးခြား ဖော်ပြထားသော အတိုင်းအတာများအထိ ဝေငှရမည်။

(က) ပုဒ်မ ၆ အရ ကင်းလွတ်ခွင့်မရထိုက်သော တောင်သူလယ်သမား အိမ်ထောင်သားစု တစ်စုလျှင် တစ်တုံးထွန်အသိ၊ ၎င်းအပြင် ထိုတောင်သူလယ်သမား အိမ်ထောင်သားစုတွင် လယ်ယာမြေကို လုပ်ကိုင်သည့် အရွယ်ရောက်ပြီးသူ လေးယောက်ထက် ပိုမိုခဲ့လျှင် ထိုကဲ့သို့ပိုမိုသော သူတစ်ဦးအတွက် ထိုအိမ်ထောင်သားစု ရရှိထိုက်သည့် မူလတစ်တုံးထွန်၏ လေးပုံတစ်ပုံအထိ။

(ခ) ပုဒ်မ ၆ အရ၊ကင်းလွတ်ခွင့်ရရှိထိုက်သောတောင်သူလယ်သမား အိမ်ထောင်သားစုတစ်စု၏ ကင်းလွတ်ခွင့်ရထိုက်သော လယ်ယာမြေဧရိယာမှာ (ထိုအိမ်ထောင်သားစုသည် ပုဒ်မ ၆ အရ ကင်းလွတ်ခွင့်ကို မရထိုက်လျှင်)၊ ဤပုဒ်မအရ ၎င်းအိမ်ထောင်သားစု ရထိုက်သည့် တစ်တုံးထွန် မပြည့်မီခဲ့သော် ထိုတစ်တုံးထွန် ပြည့်မီရန်လိုသမျှသော ဧရိယာအထိ.

* **ပထမခြွင်းချက်။** ။သို့ရာတွင်တောင်သူလယ်သမား အိမ်ထောင်သားစုတစ်စုသည် လယ်ယာမြေကို ပြန်လည်သိမ်းယူခြင်းမှ ကင်းလွတ်ခွင့် ရထိုက်သော်လည်း၊ မိမိပိုင်ဆိုင်သောလယ်ယာမြေတည်ရှိရာ ဒေသတွင် ဤအက်ဥပဒေအရ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်း မပြုသေးသောကြောင့် အဆိုပါအခွင့်အရေးကိုခံစားခွင့်မရနိုင်လျှင် ထိုတောင်သူလယ်သမား အိမ်ထောင်သားစုအား၊လယ်ယာမြေကို လက်ရှိ လုပ်ကိုင်နေသော ဒေသ၌ လယ်ယာမြေ ဝေငှရာဝယ် အပိုဒ် (က) တွင် သတ်မှတ်ထားသော အတိုင်းအတာအထိ လယ်ယာမြေကိုယာယီအားဖြင့်ဝေငှရမည်။

* **ဒုတိယခြွင်းချက်။** ။သို့ရာတွင် ပထမခြွင်းချက်အရ အခွင့်အရေးခံစားလျက်ရှိသော တောင်သူလယ်သမား အိမ်ထောင် သားစုသည် မိမိပိုင်ဆိုင်သောလယ်ယာမြေကို ပြန်လည်သိမ်းယူခြင်းမှ ကင်းလွတ်ခွင့်ရရန် လျှောက်ထားနိုင်သည့်အခါ၊ ကင်းလွတ်ခွင့်ရရန် လျှောက်ထားခြင်းမပြုလိုလျှင် အဆိုပါလယ်ယာမြေကို နိုင်ငံတော်သို့ လွှဲပြောင်းပေးရမည်။ မိမိပိုင်ဆိုင်သော လယ်ယာမြေအတွက် ကင်းလွတ်ခွင့်ရရန် လျှောက်ထားလျှင်၊ ယာယီအားဖြင့်မိမိအား ဝေငှထားသော လယ်ယာမြေကို နိုင်ငံတော်သို့ ပြန်လည်လွှဲပြောင်းပေးရမည်။

(၂) ပုဒ်မခွဲ (၁) တွင်မည်သို့ပင် ပါရှိစေကာမူ နိုင်ငံတော်သမ္မတက သို့တည်းမဟုတ် ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက ခန့်အပ်သောအာဏာပိုင်များက လိုအပ်သည်ဟုထင်မြင်လျှင်၊ ပုဒ်မခွဲ (၁) တွင်ရည်ညွှန်းထားသော လယ်ယာမြေများကိုသော်လည်းကောင်း၊ နိုင်ငံတော်က အလိုရှိသည့်အတိုင်း သုံးစွဲနိုင်သည့် လယ်ယာ လုပ်ကိုင်နိုင်သော မြေရိုင်း

---

* ပြင်ဆင်ချက် အက်ဥပဒေ အမှတ်၅၄၊ နေ့စွဲ ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်အရ။ ထည့်သွင်းထားသည်။

များကိုသော်လည်း ကောင်း၊ပုဒ်မ ၁၃ အရ တည်ထောင်ဖွဲ့စည်းထားသော တောင်သူလယ်သမား အဖွဲ့အစည်းများသို့၊ ဤအက်ဥပဒေအရပြုသော နည်းဥပဒေများနှင့်အညီဝေငှရန် ညွှန်ကြားနိုင်သည်။

(၃) ပုဒ်မခွဲ (၁) နှင့် (၂) တွင် မည်သို့ပင် ပါရှိစေကာမူ၊ နိုင်ငံတော် သမ္မတသည် မိမိက လုံလောက်သည်ဟု ထင်မြင်သောအကြောင်းတစ်ခုခုကြောင့် ပြန်လည်သိမ်းယူသည့် လယ်ယာမြေကို ဝေငှခြင်းမပြုလုပ်နိုင်လျှင်၊ ထိုလယ်ယာမြေနှင့်စပ်လျဉ်း၍၊ မိမိက သင့်သည် ထင်မြင်သည့် နည်းလမ်းအတိုင်း စီမံခန့်ခွဲနိုင်သည်။

စည်းကမ်းချက်များ။

ဂ။ ။ပုဒ်မ ၇ တွင် သီးခြားဖော်ပြထားသည့် တောင်သူလယ်သမား အိမ်ထောင်သားစု တိုင်းသည် အောက်ပါ စည်းကမ်းချက်များကိုလိုက်နာရမည်။

ထိုအိမ်ထောင်သားစု၏ အကြီးအကဲတစ်ဦးသည်—

(က) ပုဒ်မ ၃၊ အပိုဒ် (ဂ) တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း လယ်ယာမြေကို လုပ်ကိုင်ခဲ့ရမည်။

(ခ) နိုင်ငံတော် သမ္မတက၊ သို့တည်းမဟုတ် ဤကိစ္စအလို့ငှာ နိုင်ငံတော် သမ္မတက ခန့်အပ်သော အာဏာပိုင်များက ညွှန်ကြားသည့်အတိုင်း၊ ပုဒ်မ ၁၃ နှင့် ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများနှင့်အညီ တည်ထောင်ဖွဲ့စည်းထားသောတောင်သူလယ်သမား အဖွဲ့အစည်းများတွင်ပါဝင်ပါမည်ဟု၊စာဖြင့် ရေးသား၍ ကတိပြုရမည်။ ထို့ပြင်

(ဂ) ပြည်ထောင်စု နိုင်ငံသား ဖြစ်ရမည်။

အခန်း ၅

ကင်းလွတ်ခွင့်ပေးသည့် လယ်ယာမြေနှင့် ဝေငှသည့် လယ်ယာမြေ အပေါ်တွင် ရရှိသည့် အခွင့်အရေးများ

ကင်းလွတ်ခွင့်ပေးသည့် လယ်ယာမြေနှင့် စပ်လျဉ်းသည့် အခွင့် အရေး များ။

၉။ ။(၁) နိုင်ငံတော်၏ အခွင့်အရေးများနှင့် ပုဒ်မ ၆၊ ပုဒ်မခွဲ (၁)၊ (၂)၊ (၃)နှင့် (၄) အပြင်၊ ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် ပုဒ်မ ၆ အရ၊ ကင်းလွတ်ခွင့် ပေးသည့် လယ်ယာမြေကိုပိုင်ဆိုင်သူသည်၊သို့တည်းမဟုတ် သာသနာရေးအဆောက်အအုံသည် အဆိုပါ လယ်ယာမြေနှင့် စပ်လျဉ်း၍ အောက်ပါ အခွင့်အရေးများကို ရရှိစေရမည်။

(က) အဆိုပါလယ်ယာမြေကိုလက်ရှိထားနိုင်ခွင့်၊လုပ်ကိုင်နိုင်ခွင့်၊ ယင်းသို့လုပ်ကိုင်ခြင်းမှ ပေါ်ထွက်လာသည့် အကျိုးအမြတ်များကို ခံစားနိုင်ခွင့်။

(ခ) အဆိုပါ လယ်ယာမြေကို တောင်သူလယ်သမား အဖွဲ့အစည်း တစ်ခုခုအား သော်လည်းကောင်း၊ တောင်သူလယ်သမား တစ်ဦးဦးအား သော်လည်း

ကောင်း၊ ပုဒ်မ ၃၊ အပိုဒ် (ဂ) တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း အဆိုပါလယ်ယာမြေကိုလုပ်ကိုင်ပါမည်ဟုစာဖြင့်ရေးသား၍ ကတိပြုသော တောင်သူလယ်သမားမဟုတ်သူ တစ်ဦးဦးအား သော်လည်းကောင်း ရောင်းချခြင်း၊ အပိုင်ပေးခြင်းကို ပြုလုပ်နိုင်ခွင့်။ ၎င်းပြင် သာသနာရေးအဆောက်အအုံနှင့် သာသနာ ဝန်ထမ်းအားပေးလှူနိုင်ခွင့်။ ထို့ပြင်

(ဂ) အဆိုပါ လယ်ယာမြေကို ခွဲစိတ်နိုင်ခွင့်၊ သို့တည်းမဟုတ် အခြား လယ်ယာမြေနှင့် လဲလှယ်နိုင်ခွင့်။

ပထမခြွင်းချက်။ ။သို့ရာတွင် အပိုဒ် (ခ) နှင့် (ဂ) တွင် သီးခြားဖော်ပြထားသော အခွင့်အရေးများကို ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေများနှင့် ညီညွတ်၍ နိုင်ငံတော်သမ္မတ၏ သို့တည်းမဟုတ် ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက ခန့်အပ်သော အာဏာပိုင်များ၏ ခွင့်ပြုချက်ဖြင့်သာ ခံစားခွင့် ရရှိစေရမည်။

ဒုတိယခြွင်းချက်။ ။သို့ရာတွင် သာသနာ့ဝန်ထမ်း ပိုင်ဆိုင်သည့် လယ်ယာမြေ၊ သို့တည်းမဟုတ် သာသနာရေး အဆောက်အအုံ ပိုင်ဆိုင်သည့် လယ်ယာမြေကို တည်ဆဲ၊ အခြားတရားဥပဒေတစ်ခုခုနှင့် မဆန့်ကျင်လျှင် သီးစားချထားနိုင်ခွင့် ရှိစေရမည်။

(၂) နိုင်ငံတော်၏ အခွင့်အရေးများအပြင်၊ ဇယား ၁ နှင့် ပုဒ်မ ၆၊ ပုဒ်မခွဲ (၁) နှင့် (၄)၊ ၎င်းပြင် ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင်၊ သာသနာရေးအဆောက်အအုံ၊ သို့တည်းမဟုတ် သာသနာ ဝန်ထမ်း တစ်ဦးဦးပိုင်ဆိုင်သည့် လယ်ယာမြေ မှအပ ပုဒ်မ ၆ အရ၊ ကင်းလွတ်ခွင့်ပေးထားသော လယ်ယာမြေကို အမွေဆက်ခံနိုင်ခွင့် ရှိစေရမည်။

ခြွင်းချက်။ ။သို့ရာတွင် လယ်ယာမြေကို ပုဒ်မ ၃၊ အပိုဒ် (ဂ) တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း သတ်မှတ်ထားသည့် အချိန်ကာလအတွင်း လုပ်ကိုင်ပါမည်ဟု စာဖြင့် ရေးသား၍ ကတိပေးရန် ပျက်ကွက်သည့် တောင်သူလယ်သမား မဟုတ်သူ တစ်ဦးဦးက အမွေစုအဖြစ်ဖြင့် လက်ခံရရှိလျှင်၊ အဆိုပါလယ်ယာမြေကို နိုင်ငံတော်သမ္မတက ပြန်လည်သိမ်းယူရမည်။

ဝေငှသည့် လယ်ယာမြေနှင့် စပ်လျဉ်းသည့် အခွင့်အရေးများ။

၁၀။ (၁) နိုင်ငံတော်၏ အခွင့်အရေးများအပြင်၊ ပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင်၊ ပုဒ်မ ၇ အရဖြစ်စေ၊ ပုဒ်မ ၅၂ အရဖြစ်စေ ဝေငှသည့်လယ်ယာမြေကို ပိုင်ဆိုင်သော တောင်သူလယ်သမား အိမ်ထောင်သားစု၏ အကြီးအကဲ တစ်ဦးဦးသည် အဆိုပါလယ်ယာမြေနှင့် စပ်လျဉ်း၍၊ အောက်ပါ အခွင့်အရေးများကို ရရှိစေရမည်။

(က) အဆိုပါလယ်ယာမြေကို လက်ရှိထားနိုင်ခွင့်၊ လုပ်ကိုင်နိုင်ခွင့်၊ ယင်းသို့လုပ်ကိုင်ခြင်းမှ ပေါ်ထွက်လာသည့် အကျိုးအမြတ်များကို ခံစားနိုင်ခွင့်။

(ခ) အဆိုပါ အိမ်ထောင်သားစု၏ အကြီးအကဲ တစ်ဦးဦး ပါဝင်သည့် တောင်သူလယ်သမား အဖွဲ့အစည်း တစ်ခုခုအား အဆိုပါလယ်ယာမြေကို ရောင်းချနိုင်ခွင့်၊ သို့တည်းမဟုတ် အပိုင်ပေးနိုင်ခွင့်။ ထို့ပြင်

(ဂ) အဆိုပါ လယ်ယာမြေကို ခွဲစိတ်နိုင်ခွင့်၊ သို့တည်းမဟုတ် အခြား လယ်ယာမြေနှင့် လဲလှယ်နိုင်ခွင့်။

ခြွင်းချက်။ ။သို့ရာတွင် အပိုဒ် (ခ) နှင့် (ဂ) တွင် သီးခြားဖော်ပြထားသော အခွင့်အရေးများကို ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေများနှင့် ညီညွတ်၍ နိုင်ငံတော် သမ္မတ၏ သို့တည်းမဟုတ် ဤကိစ္စအလို့ငှာ နိုင်ငံတော် သမ္မတက ခန့်အပ်သော အာဏာပိုင်များ၏ ခွင့်ပြုချက်ဖြင့်သာ ခံစားခွင့် ရရှိစေရမည်။

(၂) နိုင်ငံတော်၏ အခွင့်အရေးများအပြင်၊ ဤအက်ဥပဒေပါ အခြားပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်လျှင် ပုဒ်မ ၇ အရဖြစ်စေ၊ ပုဒ်မ ၅၂ အရဖြစ်စေ ဝေငှပြီးသော လယ်ယာမြေကို အမွေဆက်ခံနိုင်ခွင့် ရှိစေရမည်။

ခြွင်းချက်။ ။သို့ရာတွင် လယ်ယာမြေကို ပုဒ်မ ၃၊ အပိုဒ်(ဂ)တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း သတ်မှတ်ထားသည့်အချိန်ကာလအတွင်း လုပ်ကိုင်ပါမည်ဟု စာဖြင့် ရေးသား၍ ကတိပေးရန် ပျက်ကွက်သည့် တောင်သူလယ်သမား မဟုတ်သူ တစ်ဦးဦးက အမွေစုအဖြစ်ဖြင့် လက်ခံရရှိလျှင် အဆိုပါ လယ်ယာမြေကို နိုင်ငံတော်သမ္မတက ပြန်လည် သိမ်းယူရမည်။

အခန်း ၆

ကင်းလွတ်ခွင့်ပေးသည့် လယ်ယာမြေနှင့် ဝေငှသည့် လယ်ယာမြေနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များ

ကင်းလွတ်ခွင့်ပေးသည့် လယ်ယာမြေနှင့် စပ်လျဉ်းသည့်စည်းကမ်းချက်များ။

၁၁။ ။(၁) တောင်သူ လယ်သမား အိမ်ထောင်သားစု အကြီးအကဲ တစ်ဦးဦးသည် ပုဒ်မ ၆ အရ ကင်းလွတ်ခွင့်ပြုထားသော လယ်ယာမြေကို ပိုင်ဆိုင်လျှင်၊ ထိုသူသည် အဆိုပါ လယ်ယာမြေနှင့် စပ်လျဉ်း၍ အောက်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(က) ထိုသူသည် ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်လျှင်လည်းကောင်း၊ ဤအက်ဥပဒေ အရ ပြုသည့် နည်းဥပဒေများနှင့် မညီ ညွတ်လျှင်လည်းကောင်း၊ အဆိုပါ လယ်ယာမြေကို ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ သို့တည်းမဟုတ် အခြားနည်းဖြင့် လွှဲပြောင်းခြင်းမပြုရ။

(ခ) ထိုသူသည် ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်လျှင်လည်းကောင်း၊ ဤအက်ဥပဒေပြုသည့် နည်းဥပဒေများနှင့် မညီညွတ်လျှင်လည်းကောင်း၊ အဆိုပါလယ်ယာမြေကို ခွဲစိတ်ခြင်း၊ သို့တည်းမဟုတ် လဲလှယ်ခြင်း မပြုရ။

(ဂ) ထိုသူသည် ပုဒ်မ ၃၊ အပိုဒ် (ဂ) တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း အဆိုပါလယ်ယာမြေကို လုပ်ကိုင်ရမည်။

(ဃ) ထိုသူသည် အဆိုပါလယ်ယာမြေနှင့် စပ်လျဉ်း၍ နိုင်ငံတော်က စည်းကြပ်သော အခွန်အတုတ်များကို ပေးဆောင်ရမည်။

(င) ထိုသူပါဝင်သည့် အိမ်ထောင်သားစုသည် တောင်သူလယ်သမား အိမ်ထောင် သားစုအဖြစ်မှ ရပ်စဲခြင်း မရှိစေရ။

(စ) ထိုသူသည် အဆိုပါလယ်ယာမြေကို လုံလောက်သော အကြောင်းမရှိဘဲ၊ မြေလပ်အဖြစ်မထားရ။ ထို့ပြင်

(ဆ) ထိုသူသည် အဆိုပါလယ်ယာမြေကို သီးစားချထားခြင်း၊ သို့တည်းမဟုတ် အငှားချထားခြင်း မပြုရ။

(၂) တစ်လုံးတစ်စည်းတည်းဖြစ်၍ ပစ္စည်းမခွဲဝေရသေးသော တောင်သူလယ်သမား အိမ်ထောင်စု၏ အကြီးအကဲ တစ်ဦးဦးသည် ပုဒ်မ ၆ အရ ကင်းလွတ်ခွင့် ပြုထားသည့် လယ်ယာ မြေကို ပိုင်ဆိုင်လျှင် ထိုသူသည် အဆိုပါ လယ်ယာမြေနှင့် စပ်လျဉ်း၍ အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်။

(က) ထိုသူသည်၊ ပုဒ်မခွဲ (၁) တွင် ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်။ ထို့ပြင်

(ခ) ထိုသူသည်၊လယ်ယာမြေကိုသိမ်းယူခြင်းမှ သာမန်အားဖြင့်ရရှိသည့် ကင်းလွတ်ခွင့်ထက် ပိုမိုသောကင်းလွတ်ခွင့်ကို ရရှိသောလယ်ယာမြေကို ပိုင်ဆိုင်လျှင်၊ ထိုသူ၏ အိမ်ထောင်သားစုတွင် ပါဝင်သောလယ်ယာမြေကို လုပ်ကိုင်သည့် အရွယ်ရောက်ပြီးသူ အရေအတွက်မှာ လေးယောက်ထက်ပိုစေရမည့်ပြင်၊ ထိုအရွယ်ရောက်ပြီး သူတို့ကလည်း အဆိုပါအိမ်ထောင်သားစု အကြီးအကဲ ပိုင်ဆိုင်သောလယ်ယာမြေကို လုပ်ကိုင်ရမည်။

(၃) အရွယ်မရောက်သေးသူ တစ်ဦးသည်၊သို့တည်းမဟုတ် စိတ်ပေါ့သွပ်သူ တစ်ဦးသည် ပုဒ်မ ၆ အရ ကင်းလွတ်ခွင့်ပြုထားသော လယ်ယာမြေကို ပိုင်ဆိုင်လျှင် ထိုသူတို၏ အုပ်ထိန်းသူသည် အဆိုပါလယ်ယာမြေနှင့် စပ်လျဉ်း၍ အောက်ပါ စည်းကမ်းချက်များကိုလိုက်နာရမည်။

(က) ထိုသူသည်၊ ပုဒ်မခွဲ (၁) အပိုဒ် (က)၊ (ခ)၊ (ဃ)၊ (စ) နှင့် (ဆ) တွင် ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်။ ထို့ပြင်

(ခ) အဆိုပါ အုပ်ထိန်းသူသည်၊ သို့တည်းမဟုတ် ထိုသူ၏ ကိုယ်စားလှယ်သည် ပုဒ်မ ၃၊ အပိုဒ် (ဂ) တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း အဆိုပါ လယ်ယာမြေကို လုပ်ကိုင်ရမည်။

(၄) တောင်သူလယ်သမားမဟုတ်သည့် အိမ်ထောင်သားစု၏ အကြီးအကဲတစ်ဦးဦးသည် ပုဒ်မ ၆ အရ ကင်းလွတ်ခွင့်ပြုထားသည့် လယ်ယာမြေကို ပိုင်ဆိုင်လျှင် ထိုသူသည် အဆိုပါလယ်ယာမြေနှင့် စပ်လျဉ်း၍ အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်—

(က) ထိုသူသည် ပုဒ်မခွဲ (၁) တွင် ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်။ ထို့ပြင်

(ခ) ထိုသူသည် ပုဒ်မ(၃)၊အပိုဒ်(ဂ)တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း အဆိုပါ လယ်ယာမြေကို ပုဒ်မ ၆အရ၊ထိုသူအား ကင်းလွတ်ခွင့်ပေးသည့်နှစ် နောက်တစ်ဆက်တည်းဖြစ်သော လယ်ယာလုပ်ငန်းချိန်မှစ၍၊ သို့တည်း မဟုတ် အဆိုပါ လယ်ယာမြေကို ပိုင်ဆိုင်သည့်နှစ် နောက်ကျရောက်သော လယ်ယာလုပ်ငန်းချိန်မှစ၍၊ သို့တည်းမဟုတ် နိုင်ငံတော် သမ္မတက ခန့်အပ်သောအာဏာပိုင်က သတ်မှတ်သည့် လယ်ယာလုပ်ငန်းချိန်မှစ၍ လုပ်ကိုင်ရမည်။

(၅) သာသနာ့ဝန်ထမ်း တစ်ဦးဦးသည်၊ ပုဒ်မ ၆ အရ၊ ကင်းလွတ်ခွင့်ပြုထားသော လယ်ယာမြေကို ပိုင်ဆိုင်လျှင်၊ထိုပုဂ္ဂိုလ်သည်၊ အဆိုပါ လယ်ယာမြေနှင့်စပ်လျဉ်း၍ အောက်ပါစည်းကမ်းချက်များကို လိုက်နာရပါမည်။

(က) ထိုပုဂ္ဂိုလ်သည် ပုဒ်မ ၉ ပါပြဋ္ဌာန်းချက်နှင့် မညီညွတ်လျှင်လည်းကောင်း၊ ဤအက်ဥပဒေအရပြုသည့်နည်းဥပဒေများနှင့်မညီညွတ်လျှင်လည်းကောင်း အဆိုပါ လယ်ယာမြေကို ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ သို့တည်းမဟုတ် အခြားနည်းဖြင့် လွှဲပြောင်းခြင်းမပြုရ။

(ခ) ထိုပုဂ္ဂိုလ်သည် ပုဒ်မ၉ပါပြဋ္ဌာန်းချက်များနှင့် မညီညွတ်လျှင်လည်းကောင်း ဤအက်ဥပဒေအရပြုသည့်နည်းဥပဒေများနှင့် မညီညွတ်လျှင်လည်းကောင်း အဆိုပါ လယ်ယာမြေကို ခွဲစိတ်ခြင်း၊သို့တည်းမဟုတ် လဲလှယ်ခြင်းမပြုရ။

(ဂ) ထိုပုဂ္ဂိုလ်သည်၊ သာသနာ့ဝန်ထမ်း အဖြစ်မှ ရပ်စဲခြင်း မရှိစေရ။

(ဃ) ထိုပုဂ္ဂိုလ်သည်၊ အဆိုပါ လယ်ယာမြေနှင့် စပ်လျဉ်း၍ နိုင်ငံတော်က စည်းကြပ်သည့် အခွန်အတုတ်များကို ပေးဆောင်ရမည်။

(င) ထိုပုဂ္ဂိုလ်သည်၊ အဆိုပါ လယ်ယာမြေမှရရှိသည့်ငွေ၊ ဝတ္ထုပစ္စည်းကို သာသနာရေးကိစ္စ သက်သက်အတွက် အသုံးပြုရမည်။ ထို့ပြင်

(စ) ထိုပုဂ္ဂိုလ်သည်၊ အဆိုပါ လယ်ယာမြေကို လုံလောက်သော အကြောင်း မရှိဘဲ မြေလပ်အဖြစ် မထားရ။

ခြွင်းချက်။ ။သို့ရာတွင် နိုင်ငံတော် သမ္မတသည် အကြောင်းအားလျော်စွာ ဤပုဒ်မခွဲပါ စည်းကမ်းချက်များအနက်၊မည်သည့်စည်းကမ်းချက်ကိုမဆို သာသနာ့ဝန်ထမ်း တစ်ဦးဦးအား၊ လိုက်နာခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

(၆) သာသနာရေး အဆောက်အအုံတစ်ခုသည်၊ ပုဒ်မ ၆ အရ၊ ကင်းလွတ်ခွင့်ပြုထားသော လယ်ယာမြေကို ပိုင်ဆိုင်လျှင်၊ အဆိုပါ အဆောက်အအုံ၏ ဂေါပကလူကြီးများသည် ထိုလယ်ယာမြေနှင့် စပ်လျဉ်း၍ အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်—

(က) ထိုလူကြီးများသည်၊ ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်လျှင် လည်းကောင်း၊ ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေများနှင့် မညီညွတ် လျှင်လည်းကောင်း၊ အဆိုပါလယ်ယာမြေကို ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ သို့တည်းမဟုတ် အခြားနည်းဖြင့် လွှဲပြောင်းခြင်း မပြုရ။

(ခ) ထိုလူကြီးများသည်၊ ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်လျှင် လည်းကောင်း၊ ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေများနှင့် မညီညွတ် လျှင်လည်းကောင်း အဆိုပါ လယ်ယာမြေကို ခွဲစိတ်ခြင်း၊ သို့တည်းမဟုတ် လဲလှယ်ခြင်း မပြုရ။

(ဂ) ထိုလူကြီးများသည်၊ အဆိုပါ လယ်ယာမြေနှင့် စပ်လျဉ်း၍ နိုင်ငံတော်က စည်းကြပ်သည့် အခွန်အတုတ်များကို ပေးဆောင်ရမည်။

(ဃ) ထိုလူကြီးများသည်၊ အဆိုပါ လယ်ယာမြေကို လုံလောက်သော အကြောင်းမရှိဘဲ မြေလပ်အဖြစ် မထားရ။ ထို့ပြင်

(င) ထိုလူကြီးများသည်၊ အဆိုပါ လယ်ယာမြေမှရရှိသည့် ဝင်ငွေ၊ ဝတ္ထုပစ္စည်းကို သာသနာရေးကိစ္စ သက်သက်အတွက် အသုံးပြုရမည်။

ခြွင်းချက်။ ။သို့ရာတွင် နိုင်ငံတော် သမ္မတသည်၊ အကြောင်း အားလျော်စွာ ဤပုဒ်မခွဲပါ စည်းကမ်းချက်များအနက်၊ မည်သည့်စည်းကမ်းချက်ကို မဆို သာသနာရေး အဆောက်အအုံ၏ ဂေါပက လူကြီးများအား လိုက်နာခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

ဝေ ၄ သော လယ်ယာမြေ နှင့် စပ် လျဉ်း သည့် စည်း ကမ်း ချက် များ။

၁၂။ ။(၁) မဘောင်သူ လယ်သမား အိမ်ထောင်သားစု၏ အကြီးအကဲ တစ်ဦးဦးသည်၊ ပုဒ်မ ၇ အရ ဖြစ်စေ၊ ပုဒ်မ ၅၂ အရ ဖြစ်စေ ဝေငှထားသော လယ်ယာမြေကို ပိုင်ဆိုင်လျှင်၊ ထိုသူသည် အဆိုပါ လယ်ယာမြေနှင့် စပ်လျဉ်း၍ အောက်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(က) ထိုသူသည်၊ ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်လျှင်လည်းကောင်း၊ ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေများနှင့် မညီညွတ်လျှင်လည်းကောင်း၊ အဆိုပါ လယ်ယာမြေကို ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ သို့တည်းမဟုတ် အခြားနည်းဖြင့် လွှဲပြောင်းခြင်း မပြုရ။

(ခ) ထိုသူသည်၊ ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်လျှင်လည်းကောင်း၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများနှင့် မညီညွတ်လျှင်လည်းကောင်း၊ အဆိုပါ လယ်ယာမြေကို ခွဲစိတ်ခြင်း သို့တည်းမဟုတ် လဲလှယ်ခြင်းမပြုရ။

(ဂ) ထိုသူသည်၊ ပုဒ်မ ၃၊ အပိုဒ်(ဂ)တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း၊ အဆိုပါ လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ဃ) ထိုသူပါဝင်သော အိမ်ထောင်သားစုသည်၊ တောင်သူ လယ်သမား အိမ်ထောင်သားစုအဖြစ်မှ ရပ်စဲခြင်း မရှိစေရ။

(င) ထိုသူသည်၊ အဆိုပါ လယ်ယာမြေနှင့် စပ်လျဉ်း၍နိုင်ငံတော်က စည်းကြပ်သော အခွန်အတုတ်များကို ပေးဆောင်ရမည်။

(စ) ထိုသူသည်၊ အဆိုပါ လယ်ယာမြေကို လုံလောက်သော အကြောင်းမရှိဘဲ မြေလပ်အဖြစ် မထားရ။

(ဆ) ထိုသူသည်၊အဆိုပါ လယ်ယာမြေကို၊ သီးစားချထားခြင်း၊ သို့တည်းမဟုတ် အငှားချထားခြင်း မပြုရ။

(ဇ) ထိုသူသည်၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေများနှင့်အညီ အခါအားလျော်စွာ တည်ထောင်ဖွဲ့စည်းထားသော တောင်သူလယ်သမား အဖွဲ့အစည်းများတွင် ပါဝင်ရမည်။

(၂) တောင်သူလယ်သမား အိမ်ထောင်သားစုတစ်ခုတွင် ပါဝင်သော အရွယ်ရောက်ပြီးသူသည်၊ သို့တည်းမဟုတ် အရွယ်မရောက်သေးသူသည်၊ သို့တည်းမဟုတ် စိတ်ပေါ့သွပ်သူသည်၊ ပုဒ်မ ၇ အရဖြစ်စေ၊ ပုဒ်မ ၅၂ အရဖြစ်စေ ဝေငှသောလယ်ယာမြေကို ပိုင်ဆိုင်လျှင်၊ ထိုအရွယ်ရောက်ပြီးသူသည်၊ သို့တည်းမဟုတ် အရွယ်မရောက်သေးသူကို အုပ်ထိန်းသူသည်၊ သို့တည်းမဟုတ် စိတ်ပေါ့သွပ်သူကို အုပ်ထိန်းသူသည်၊ အဆိုပါလယ်ယာမြေနှင့် စပ်လျဉ်း၍၊ အောက်ပါစည်းကမ်းချက်များကို လိုက်နာနိုင်ရမည်။

(က) ထိုသူသည်၊ ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်လျှင်လည်းကောင်း၊ ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေများနှင့် မညီညွတ်လျှင်လည်းကောင်း အဆိုပါလယ်ယာမြေကို ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ သို့တည်းမဟုတ် အခြားနည်းဖြင့် လွှဲပြောင်းခြင်းမပြုရ။

(ခ) ထိုသူသည်၊ ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်လျှင်လည်းကောင်း၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများနှင့် မညီညွတ်လျှင်လည်းကောင်း အဆိုပါလယ်ယာမြေကို ခွဲစိတ်ခြင်း၊ သို့တည်းမဟုတ် လဲလှယ်ခြင်းမပြုရ။

(ဂ) အဆိုပါ အရွယ်ရောက်ပြီးသူသည်၊ သို့တည်းမဟုတ် အုပ်ထိန်းသူသည်၊ သို့တည်းမဟုတ် အုပ်ထိန်းသူ၏ကိုယ်စားလှယ်သည်၊ အဆိုပါလယ်ယာမြေကို ပုဒ်မ ၃၊ အပိုဒ်(ဂ) တွင် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း လုပ်ကိုင်ရမည်။

(ဃ) ထိုသူသည်၊ အဆိုပါ လယ်ယာမြေနှင့်စပ်လျဉ်း၍၊ နိုင်ငံတော်ကစည်းကြပ်သော အခွန်အတုတ်များကို ပေးဆောင်ရမည်။

(င) ထိုသူသည်၊ အဆိုပါလယ်ယာမြေကို လုံလောက်သော အကြောင်းမရှိဘဲ မြေလပ်အဖြစ် မထားရ။

(စ) ထိုသူသည်၊ အဆိုပါလယ်ယာမြေကို သီးစားချထားခြင်း၊ သို့တည်းမဟုတ် အငှားချထားခြင်းမပြုရ။ ထို့ပြင်

(ဆ) ထိုသူသည်၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေများနှင့်အညီ၊ အခါအားလျော်စွာ တည်ထောင်ဖွဲ့စည်းထားသော တောင်သူလယ်သမား အဖွဲ့အစည်းများတွင် ပါဝင်ရမည်။

အခန်း ၇

တောင်သူလယ်သမား အဖွဲ့အစည်းများ

၁၃။ ။(၁) နိုင်ငံတော်သမ္မတသည်၊ ဤအက်ဥပဒေအရ၊ တောင်သူလယ်သမားများ ပါဝင်ရမည်ဟု ပြဋ္ဌာန်းထားသော တောင်သူလယ်သမားအဖွဲ့အစည်းများနှင့် မိမိက ဖွဲ့စည်းရန်လိုအပ်သည်ဟု ထင်မြင်သည့် အခြားတောင်သူလယ်သမား အဖွဲ့အစည်းများအတွက် တည်ထောင်ဖွဲ့စည်းခြင်းနှင့် အုပ်ချုပ်ခြင်းကိစ္စများအတွက် နည်းဥပဒေများကို ပြုနိုင်သည်။

တောင်သူလယ်သမားအဖွဲ့အစည်းများ။

(၂) တောင်သူလယ်သမား အဖွဲ့အစည်းများသည်၊ ဤအက်ဥပဒေနှင့်သော်လည်းကောင်း၊ ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများနှင့် သော်လည်းကောင်း မဆန့်ကျင်စေဘဲ၊ စည်းကမ်းဥပဒေများကို ပြုနိုင်သည်။

အခန်း ၈

မြေယာကော်မတီများ

၁၄။ ။နိုင်ငံတော်သမ္မတသည်၊ ဗဟိုမြေယာကော်မတီတစ်ခုကို ခန့်အပ်နိုင်သည်။

ဗဟိုမြေယာကော်မတီ။ ၎င်းပြင် အဆိုပါကော်မတီအား၊ ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှာ၊ အောက်ပါအာဏာအားလုံးကို သို့တည်းမဟုတ် အာဏာတစ်ခုခုကို အပ်နှင်းနိုင်သည်။

(က) လယ်ယာမြေဝေငှခြင်းနှင့်စပ်လျဉ်းသည့် စီမံကိန်းရေးဆွဲနိုင်သည့်အာဏာ။
(ခ) တောင်သူလယ်သမား အဖွဲ့အစည်းများကို တည်ထောင်ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းသည့် စီမံကိန်း ရေးဆွဲနိုင်သည့်အာဏာ။
(ဂ) အခြားမြေယာကော်မတီများအား၊ ယေဘုယျအားဖြင့် နည်းလမ်းညွှန်ပြနိုင်သည့်အာဏာ။
(ဃ) အခြား မြေယာကော်မတီများအား ယေဘုယျအားဖြင့် ကြီးကြပ် အုပ်ချုပ်နိုင်သည့်အာဏာ။ ထို့ပြင်
(င) နိုင်ငံတော် သမ္မတက နည်းဥပဒေဖြင့်ပြဋ္ဌာန်းသည့် အခြားအာဏာများ။

၁၅။ ။နိုင်ငံတော်သမ္မတသည်၊ မိမိလိုအပ်သည်ဟု ထင်မြင်သည့် ခရိုင်များတွင်

ခရိုင်မြေယာ ကော်မတီ။ ခရိုင်မြေယာကော်မတီများကို ခန့်အပ်နိုင်သည်။ ၎င်းပြင် အဆိုပါ ကော်မတီများအား၊ ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှာ၊ အောက်ပါအာဏာအားလုံးကို သို့တည်းမဟုတ် အာဏာတစ်ခုခုကို အပ်နှင်းနိုင်သည်။

(က) နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့်အတိုင်း၊ ကျေးရွာ မြေယာကော်မတီများကို၊ သို့တည်းမဟုတ် ရပ်ကွက် မြေယာကော်မတီများကို ရွေးကောက် တင်မြှောက်ရန်အတွက် စီစဉ်နိုင်သည့်အာဏာ။
(ခ) ကျေးရွာ မြေယာကော်မတီများအား၊ သို့တည်းမဟုတ် ရပ်ကွက် မြေယာ ကော်မတီများအား၊ ယေဘုယျအားဖြင့်နည်းလမ်းညွှန်ပြနိုင်သည့်အာဏာ။
(ဂ) ကျေးရွာ မြေယာကော်မတီများအား၊ သို့တည်းမဟုတ် ရပ်ကွက် မြေယာ ကော်မတီများအား၊ယေဘုယျအားဖြင့်ကြီးကြပ်အုပ်ချုပ်နိုင်သည့်အာဏာ။
*(ဃ) ဤအက်ဥပဒေအရ၊ ကင်းလွတ်ခွင့်ပေးသည့် လယ်ယာမြေမှ၊သို့တည်းမဟုတ် ဝေငှသည့်လယ်ယာမြေမှ၊ သို့တည်းမဟုတ် သတ်မှတ်သည့် နည်းလမ်း အတိုင်း အသုံးချရန် ဆင့်ဆိုချက်နှင့် သက်ဆိုင်သော လယ်ယာမြေမှ၊ နှင်ထုတ်ထိုက်သူ မည်သူကိုမဆို နှင်ထုတ်နိုင်သည့်အာဏာ။
*(င) ဤအက်ဥပဒေအရ၊ ကင်းလွတ်ခွင့်ပေးသည့် လယ်ယာမြေပေါ်တွင်၊သို့တည်း မဟုတ် ဝေငှသည့် လယ်ယာမြေပေါ်တွင်၊ သို့တည်းမဟုတ် သတ်မှတ်သည့် နည်းလမ်းအတိုင်း အသုံးချရန် ဆင့်ဆိုချက်နှင့် သက်ဆိုင်သော လယ်ယာ

---

* ပြင်ဆင်ချက် အက်ဥပဒေအမှတ် ၄၉၊ နေ့စွဲ၊ ၁၉၅၇ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်အရ ထည့်သွင်းထားသည်။

မြေပေါ်တွင်၊ သက်ဆိုင်ရာအာဏာပိုင်၏ အခွင့်အမိန့်မရဘဲ၊ ဆောက်လုပ်ထားသောအဆောက်အအုံများကို ဖယ်ရှားစေနိုင်သည့်အာဏာ။ ထို့ပြင်

(စ) နိုင်ငံတော်သမ္မတက နည်းဥပဒေဖြင့် ပြဋ္ဌာန်းသည့် အခြားအာဏာများ။

၁၆။ ။နိုင်ငံတော်သမ္မတသည်၊ မိမိလိုအပ်သည်ဟု ထင်မြင်သည့် ဒေသများတွင်၊ ကျေးရွာမြေယာကော်မတီများကို၊ သို့တည်းမဟုတ် ရပ်ကွက်မြေယာကော်မတီများကို ရွေးကောက် တင်မြှောက်ခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ခန့်အပ်နိုင်သည်။ ၎င်းပြင် အဆိုပါ ကော်မတီများအား၊ ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှာ အောက်ပါ အာဏာအားလုံးကို၊ သို့တည်းမဟုတ် အာဏာတစ်ခုခုကို အပ်နှင်းနိုင်သည်။

ကျေးရွာ၊ သို့တည်းမဟုတ် ရပ်ကွက် မြေယာကော်မတီ။

(က) ပုဒ်မ ၆ အရ၊ ကင်းလွတ်ခွင့်ပေးနိုင်သည့်အာဏာ။

(ခ) ပုဒ်မ ၇ အရ၊ လယ်ယာမြေဝေငှနိုင်သည့်အာဏာ။

(ဂ) ပုဒ်မ ၁၃ အရ၊ တောင်သူလယ်သမား အဖွဲ့အစည်းများကို တည်ထောင်ဖွဲ့စည်းနိုင်သည့်အာဏာ။ ထို့ပြင်

(ဃ) နိုင်ငံတော်သမ္မတက နည်းဥပဒေနှင့် ပြဋ္ဌာန်းသည့် အခြားအာဏာများ။

အခန်း ၉

ကောင်စီများ

၁၇။ ။(၁) နိုင်ငံတော်သမ္မတသည်၊ ကျေးလက်စီးပွားရေး (Rural Economy) ကိုအားပေးချီးမြှင့်ရန် ကိစ္စအလို့ငှာ၊ တောင်သူလယ်သမားများအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များနှင့် နိုင်ငံတော်သမ္မတက လိုအပ်သည်ဟု ထင်မြင်သည့် ကျွမ်းကျင်သူများပါဝင်သော အောက်ပါ ကောင်စီများကို ဖွဲ့စည်းနိုင်သည်။

ကောင်စီများ။

(က) ပြည်ထောင်စုမြေယာနှင့် ကျေးလက်ကြီးပွားရေး (Rural Development) ကောင်စီ။

(ခ) တိုင်းမြေယာနှင့် ကျေးလက်ကြီးပွားရေးကောင်စီ။ ထို့ပြင်

(ဂ) ခရိုင်မြေယာနှင့် ကျေးလက်ကြီးပွားရေးကောင်စီ။

(၂) နိုင်ငံတော်သမ္မတသည်၊ အဆိုပါကောင်စီများကို ဖွဲ့စည်းရန်အလို့ငှာ နည်းဥပဒေများကို ပြုနိုင်သည်။

ခြွင်းချက်။ ။သို့ရာတွင် နိုင်ငံတော်သမ္မတသည်၊ အခြားအဖွဲ့များကိုလည်း ခန့်အပ်နိုင်သည်။ ၎င်းပြင် အဆိုပါအဖွဲ့များအား၊ ကျေးလက်စီးပွားရေးကို အားပေးနိုင်ရန်အလို့ငှာ၊ ထိုအဖွဲ့များ၏ အာဏာများကို နည်းဥပဒေဖြင့် ပြဋ္ဌာန်းနိုင်သည်။

ပြည်ထောင်စု မြေယာနှင့် ကျေးလက်ကြီးပွားရေး ကောင်စီ၏ အာဏာများ။

၁၈။ ။နိုင်ငံတော်သမ္မတသည်၊ ပြည်ထောင်စု မြေယာနှင့် ကျေးလက်ကြီးပွားရေး ကောင်စီအား၊ အောက်ပါအာဏာအားလုံးကို၊ သို့တည်းမဟုတ် အာဏာတစ်ခုခုကို အပ်နှင်းနိုင်သည်။

(က) တိုင်းမြေယာနှင့် ကျေးလက်ကြီးပွားရေးကောင်စီနှင့် ခရိုင်မြေယာနှင့် ကျေးလက် ကြီးပွားရေးကောင်စီများအပြင် တောင်သူလယ်သမား အဖွဲ့အစည်းများကို တည်ထောင်ဖွဲ့စည်းရန်အတွက် စီမံကိန်းရေးဆွဲနိုင်သည့် အာဏာ။

(ခ) အဆိုပါ ကောင်စီများနှင့် တောင်သူလယ်သမားအဖွဲ့ အစည်းများ၏ လုပ်ငန်းဆောင်တာများနှင့် စပ်လျဉ်း၍၊ စီမံကိန်းရေးဆွဲနိုင်သည့်အာဏာ။

(ဂ) အဆိုပါ ကောင်စီများနှင့် တောင်သူလယ်သမား အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်တာများကို ဆက်စပ်ပူးပေါင်းပေးနိုင်သည့်အာဏာ။

(ဃ) အဆိုပါ ကောင်စီများနှင့် တောင်သူလယ်သမား အဖွဲ့အစည်းများကို ယေဘုယျအားဖြင့် နည်းလမ်းညွှန်ပြနိုင်သည့် အာဏာ။ ထို့ပြင်

(င) နိုင်ငံတော်သမ္မတက နည်းဥပဒေဖြင့် ပြဋ္ဌာန်းသည့် အခြားအာဏာများ။

တိုင်း မြေယာနှင့် ကျေးလက်ကြီးပွားရေး ကောင်စီ ... ၏ အာဏာများ။

၁၉။ ။နိုင်ငံတော်သမ္မတသည်၊ တိုင်းမြေယာနှင့် ကျေးလက် ကြီးပွားရေးကောင်စီများအား၊ အောက်ပါအာဏာများအားလုံးကို၊ သို့တည်းမဟုတ် အာဏာတစ်ခုခုကို အပ်နှင်းနိုင်သည်။

(က) ခရိုင်မြေယာနှင့် ကျေးလက်ကြီးပွားရေး ကောင်စီနှင့် တောင်သူလယ်သမား အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်တာများကို ဆက်စပ်ပူပေါင်းပေးနိုင်သည့် အာဏာ။

(ခ) အဆိုပါကောင်စီများနှင့် တောင်သူလယ်သမား အဖွဲ့အစည်းများအား၊ ယေဘုယျအားဖြင့် နည်းလမ်းညွှန်ပြနိုင်သည့်အာဏာ။ ထို့ပြင်

(ဂ) နိုင်ငံတော်သမ္မတက နည်းဥပဒေဖြင့် ပြဋ္ဌာန်းသည့်အခြားအာဏာများ။

ခရိုင် မြေယာနှင့် ကျေးလက် ကြီးပွားရေး ကောင်စီများ၏ အာဏာများ။

၂၀။ ။နိုင်ငံတော်သမ္မတသည်၊ ခရိုင်မြေယာနှင့် ကျေးလက် စီးပွားရေးကောင်စီများအား၊ အောက်ပါအာဏာအားလုံးကို သို့တည်းမဟုတ် အာဏာတစ်ခုခုကို အပ်နှင်းနိုင်သည်။

(က) တောင်သူလယ်သမား အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်တာများကို ဆက်စပ် ပူးပေါင်းပေးနိုင်သည့် အာဏာ။

(ခ) အဆိုပါ တောင်သူလယ်သမားအဖွဲ့အစည်းများအား၊ ယေဘုယျအားဖြင့် နည်းလမ်းညွှန်ပြနိုင်သည့်အာဏာ။ ထို့ပြင်

(ဂ) နိုင်ငံတော်သမ္မတက နည်းဥပဒေဖြင့်ပြဋ္ဌာန်းသည့် အခြားအာဏာများ။

ကောင်စီများ၏ နယ်ပယ်။

၂၁။ ။နိုင်ငံတော်သမ္မတသည်၊ အခါအားလျော်စွာ ကျေးလက်စီးပွားရေး ဖွံ့ဖြိုးမှုအတွက် လိုအပ်သည်ဟု ထင်မြင်လျှင်၊ မြေယာနှင့် ကျေးလက်ကြီးပွားရေးဆိုင်ရာ တိုင်းများနှင့် ခရိုင်များ၏နယ်ပယ်များကိုသတ်မှတ်နိုင်သည်။

အခန်း ၁၀

အာဏာပိုင်များနှင့် အမှုဆောင်အဖွဲ့များကို ခန့်အပ်ဖွဲ့စည်းခြင်း

ခန့်အပ်ဖွဲ့စည်းခြင်း။

၂၂။ ။နိုင်ငံတော်သမ္မတသည်၊မိမိကလိုအပ်သည်ဟု ထင်မြင်သည့်အာဏာပိုင်များကို ခန့်အပ်နိုင်သည်။ သို့တည်းမဟုတ် အမှုဆောင်အဖွဲ့များကို ဖွဲ့စည်းနိုင်သည်။ ၎င်းပြင် ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရန်အလို့ငှာ၊ ထိုအာဏာပိုင်များ၏၊ သို့တည်းမဟုတ် အမှုဆောင်အဖွဲ့များ၏ အာဏာများကို နည်းဥပဒေဖြင့် ပြဋ္ဌာန်းနိုင်သည်။

အခန်း ၁၁

ကော်မတီ၊ ကောင်စီ၊ အမှုဆောင်အဖွဲ့နှင့် အာဏာပိုင်တို့၏ အဆင့်အတန်းနှင့်အာဏာများ

တရားမရုံး၏အချို့အာဏာများကိုလွှဲအပ်ခြင်း။

၂၃။ ။ဤအက်ဥပဒေအရ ဖွဲ့စည်းထားသည့်ကောင်စီများ၊ သို့တည်းမဟုတ် အမှုဆောင်အဖွဲ့များ၊ သို့တည်းမဟုတ်ခန့်အပ်ထားသည့်ကော်မတီများ၊သို့တည်းမဟုတ် အာဏာပိုင်များသည်၊ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၈၀ နှင့် ၄၈၂ တို့၏ အဓိပ္ပာယ်အရ၊တရားမရုံးများဖြစ်သည်ဟု မှတ်ယူရမည်။ ၎င်းပြင် အဆိုပါကော်မတီသည်၊ သို့တည်းမဟုတ် ကောင်စီသည်၊သို့တည်းမဟုတ် အမှုဆောင်အဖွဲ့သည်၊သို့တည်းမဟုတ် အာဏာပိုင်သည်အောက်ပါကိစ္စများနှင့် စပ်လျဉ်း၍ တရားမကျင့်ထုံး ဥပဒေအရ တရားရုံးများအား အပ်နှင်းထားသည့် အာဏာများကို ရရှိစေရမည်။

(က) ဆိုင်ရာအကြောင်းအရာများနှင့် စာချုပ်စာတမ်း စသည်များကို ဖွင့်လှစ်ထုတ်ဖော်စေခြင်းနှင့် ကြည့်ရှုစစ်ဆေးခြင်း။

(ခ) သက်သေများကို လာရောက်စေရန် အတင်းအကြပ် ဆင့်ဆိုခေါ်ယူခြင်း၊ သက်သေစရိတ်တင်သွင်းရန် ဆင့်ဆိုနိုင်ခြင်း။

(ဂ) စာချုပ် စာတမ်းများကို လာရောက် တင်ပြစေရန် အတင်းအကြပ်ပြုလုပ်ခြင်း။

(ဃ) သက်သေများကို ကျမ်းသစ္စာဖြင့် စစ်ဆေးခြင်း။

(င) ရက်ချိန်းများပေးခြင်း။

(စ) စာဖြင့်ရေးသား၍ ပေးပို့သောကျမ်းကျိန်ထွက်ဆိုချက်များကို လက်ခံခြင်း။

(ဆ) မလာမရောက်နိုင်သောသက်သေများကို ကော်မရှင်ထုတ်၍ စစ်ဆေးခြင်း။ ထို့ပြင်

(ဇ) နေရာဌာနများကို ကြည့်ရှုစစ်ဆေးခြင်း။

လွတ်ငြိမ်းခွင့်ပေးခြင်း။

၂၄။ ။ဤအက်ဥပဒေအရ၊ သဘောရိုးဖြင့်ပြုသော၊ သို့တည်းမဟုတ် သဘောရိုးဖြင့်ပြုရာရောက်သော အပြုအမူတစ်ခုခုနှင့် စပ်လျဉ်း၍၊ဤအက်ဥပဒေအရ၊ ခန့်အပ်သော တစ်ဦး တစ်ယောက်သောသူကိုဖြစ်စေ အာဏာပိုင် တစ်ဦးဦးကိုဖြစ်စေ၊ အမှုဆောင်အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ ကော်မတီကိုဖြစ်စေ၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ၊ ဖွဲ့စည်းသောကောင်စီကို ဖြစ်စေ၊

အမှုဆောင်အဖွဲ့ကိုဖြစ်စေ၊ တရားမမှုသော်လည်းကောင်း၊ ရာဇဝတ်မှုသော်လည်းကောင်း၊ အခြားတရားမှုခင်းသော်လည်းကောင်း စွဲဆိုခြင်းမပြုရ။

ပြည်သူ့ဝန်ထမ်း။

၂၅။ ။ဤအက်ဥပဒေအရ၊ ခန့်အပ်ထားသည့်သူသည်၊ သို့တည်းမဟုတ်အာဏာပိုင်သည်၊သို့တည်းမဟုတ် ကောင်စီလူကြီးသည်၊ သို့တည်းမဟုတ် ကော်မတီလူကြီးသည်၊ သို့တည်းမဟုတ် အမှုဆောင်အဖွဲ့ဝင်လူကြီးသည်၊ ရာဇသတ်ကြီးပုဒ်မ ၂၁ ၏ အဓိပ္ပာယ်အရ၊ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

အခန်း ၁၂

နုတ်ပယ်ခြင်းနှင့် ဖျက်သိမ်းခြင်း

အဖွဲ့ဝင်များအား နုတ်ပယ်ခြင်း။

၂၆။ ။ဤအက်ဥပဒေအရ၊ ခန့်အပ်သည့် ကော်မတီလူကြီးသည်၊ သို့တည်းမဟုတ် ကောင်စီလူကြီးသည်၊သို့တည်းမဟုတ် အမှုဆောင်အဖွဲ့၏ အဖွဲ့ဝင်လူကြီးသည်၊ မိမိ၏တာဝန်ကို ဆောင်ရွက်ရန် ထပ်တလဲလဲ ပျက်ကွက်လျှင်၊သို့တည်းမဟုတ် မိမိအာဏာများကို ပိုမိုသုံးစွဲလျှင်၊ သို့တည်းမဟုတ် အလွဲသုံးစွဲလျှင်၊ နိုင်ငံတော်သမ္မတသည်၊ ဤအက်ဥပဒေအရ၊ ပြုသည့်နည်းဥပဒေများနှင့်အညီ စုံစမ်းစစ်ဆေးရန် ညွှန်ကြားနိုင်သည့်ပြင်၊ ထိုသို့စုံစမ်းစစ်ဆေးပြီးလျှင်၊ အဆိုပါ ကော်မတီလူကြီးကို၊ သို့တည်းမဟုတ် ကောင်စီလူကြီးကို၊ သို့တည်းမဟုတ် အမှုဆောင်အဖွဲ့ဝင်လူကြီးကို နုတ်ပယ်နိုင်သည်၊ သို့တည်းမဟုတ် နိုင်ငံတော်သမ္မတက သင့်သည် ထင်မြင်သည့် ကာလအပိုင်းအခြားအတွက် ရာထူးမှ ခေတ္တချထားနိုင်သည်၊သို့တည်းမဟုတ် ၎င်း၏ အာဏာအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ရုပ်သိမ်းနိုင်သည်။

ကော်မတီ ကောင်စီနှင့် အမှုဆောင် အဖွဲ့များကို ခေတ္တရာထူးမှ ချထားခြင်းနှင့် ဖျက်သိမ်းခြင်း။

၂၇။ ။ဤအက်ဥပဒေအရ၊ခန့်အပ်သည့်ကော်မတီသည်၊သို့တည်းမဟုတ် ဖွဲ့စည်းသည့် ကောင်စီသည်၊ သို့တည်းမဟုတ် အမှုဆောင်အဖွဲ့သည်၊ မိမိ၏ တာဝန်များကို ဆောင်ရွက်ရန် ထပ်တလဲလဲ ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် မိမိ၏ အာဏာများကိုပိုမိုသုံးစွဲလျှင်၊သို့တည်းမဟုတ် အလွဲသုံးစွဲလျှင် နိုင်ငံတော်သမ္မတသည်၊ဤအက်ဥပဒေအရ၊ ပြုလုပ်သည့် နည်းဥပဒေများနှင့်အညီ စုံစမ်းစစ်ဆေးရန် ညွှန်ကြားနိုင်သည့်ပြင်၊ ထိုသို့စုံစမ်းစစ်ဆေးပြီးလျှင် အဆိုပါကော်မတီကို၊သို့တည်းမဟုတ် ကောင်စီကို၊ သို့တည်းမဟုတ် အမှုဆောင်အဖွဲ့ကို ဖျက်သိမ်းနိုင်သည်၊ သို့တည်းမဟုတ် နိုင်ငံတော်သမ္မတက သင့်သည်ထင်မြင်သည့် ကာလ အပိုင်းအခြားအတွက် ခေတ္တရပ်စဲထားနိုင်သည်။သို့တည်းမဟုတ် ၎င်း၏အာဏာအားလုံးကိုဖြစ်စေ၊အချို့ကိုဖြစ်စေ ရုပ်သိမ်းနိုင်သည်။

အကူးအပြောင်း ကာလဆိုင်ရာလုပ်ငန်းအစီအစဉ်။

၂၈။ ။နိုင်ငံတော်သမ္မတသည်၊ ဤအက်ဥပဒေအရ၊ခန့်အပ်သည့် ကော်မတီကိုဖြစ်စေ ဖွဲ့စည်းသည့် ကောင်စီကိုဖြစ်စေ၊ ဖွဲ့စည်းသည့် အမှုဆောင်အဖွဲ့ကိုဖြစ်စေ ဖျက်သိမ်းရန်၊ သို့တည်းမဟုတ် ခေတ္တရပ်စဲထားရန်၊ သို့တည်းမဟုတ် အာဏာများကို ရုပ်သိမ်းရန် ဤ အက်ဥပဒေအရ၊ ပြုသည့် နည်းဥပဒေများနှင့်အညီ ညွှန်ကြားရာ၌ ထိုကော်မတီ၏၊

သို့တည်းမဟုတ် ကောင်စီ၏၊ သို့တည်းမဟုတ် အမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်တာများကိုဖြစ်စေ၊ အဆိုပါ ရုပ်သိမ်းပြီးသောအာဏာများကိုဖြစ်စေ၊ နိုင်ငံတော်သမ္မတက သင့်သည် ထင်မြင်သည့် အာဏာပိုင်က ဆောင်ရွက်ရမည်ဟု၊ သို့တည်းမဟုတ် သုံးစွဲရမည်ဟု ညွှန်ကြားနိုင်သည်။ ၎င်းပြင်၊ နိုင်ငံတော်သမ္မတသည်၊ အဆိုပါအာဏာပိုင်အား အကြံဉာဏ်ပေးရန် အတိုင်ပင်ခံ အဖွဲ့တစ်ဖွဲ့ကိုလည်း ခန့်အပ်နိုင်သည်။

အခန်း ၁၃

စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်၍၊ ကင်းလွတ်ခွင့်ပြုပြီးသော လယ်ယာမြေနှင့် ဝေငှပြီးသော လယ်ယာမြေကို ပြန်လည်သိမ်းယူခြင်း

ပုဒ်မ ၁၁ ပါ စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်၍ ပြန်လည် သိမ်းယူခြင်း။

၂၉။ ။(၁) ပုဒ်မ ၁၁ တွင် ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များကို တရားဥပဒေအရ၊ လိုက်နာရန်တာဝန်ရှိသူ မည်သူမဆို၊ ပုဒ်မခွဲ (၁) နှင့် (၅) ၏ အပိုဒ် (ခ)၊ (ဃ) နှင့် (စ) အပြင် ပုဒ်မခွဲ (၆) ပါ **စည်းကမ်းချက်များမှတစ်ပါး၊** ပုဒ်မ ၁၁ ၏ အခြား စည်းကမ်းချက် တစ်ခုခုကို လိုက်နာရန် ပျက်ကွက်လျှင်၊ နိုင်ငံတော်သမ္မတက ဤကိစ္စအလို့ငှာ၊ ခန့်အပ်သည့် အာဏာပိုင်များသည်၊ ဤအက်ဥပဒေအရ၊ ပြုသည့်နည်းဥပဒေများနှင့် **အညီ စုံစမ်းစစ်ဆေးပြီးနောက်** အဆိုပါစည်းကမ်း ဖောက်ဖျက်မှုနှင့် စပ်လျဉ်းသည့် ထိုသူ၏ လယ်ယာမြေကို လျော်ကြေးမပေးဘဲ ပြန်လည်သိမ်းယူရမည်။

(၂) ပုဒ်မ ၄ တွင် ပါရှိသည့် ပြဋ္ဌာန်းချက်များကို တရားဥပဒေအရ၊ လိုက်နာရန် တာဝန်ရှိသူ မည်သူမဆို၊ အဆိုပါပြဋ္ဌာန်းချက် တစ်ခုခုကို လိုက်နာရန် ပျက်ကွက်လျှင်၊ နိုင်ငံတော်သမ္မတက ဤကိစ္စအလို့ငှာ ခန့်အပ်သည့် အာဏာပိုင်များသည်၊ ဤအက်ဥပဒေအရ၊ ပြုသည့်နည်းဥပဒေများနှင့် အညီ စုံစမ်းစစ်ဆေးပြီးနောက် အဆိုပါ ပြဋ္ဌာန်းချက် ဖောက်ဖျက်မှုနှင့် စပ်လျဉ်းသည့် ထိုသူ၏လယ်ယာမြေကို လျော်ကြေးမပေးဘဲ ပြန်လည်သိမ်းယူရမည်။

(၃) နိုင်ငံတော် သမ္မတသည်၊ သို့တည်းမဟုတ် ဤကိစ္စအလို့ငှာ နိုင်ငံတော် သမ္မတက ခန့်အပ်သည့် အာဏာပိုင်သည်၊ ဤအက်ဥပဒေအရ၊ လယ်ယာမြေများကို သိမ်းယူခြင်းမှ ကင်းလွတ်ခွင့်ရရှိသူ တစ်ဦးဦးသည်၊ မိမိအားမူလပေးခဲ့သော ကင်းလွတ်ခွင့်အရ၊ ပိုင်ဆိုင်ခွင့်ပြုသည့် လယ်ယာမြေဧရိယာထက် ဤအက်ဥပဒေနှင့် အညီမဟုတ်ဘဲ၊ လယ်ယာမြေကို ပိုမိုပိုင်ဆိုင်နေလျှင်၊ ထိုပိုမိုပိုင်ဆိုင်နေသည့် လယ်ယာမြေကို လျော်ကြေး မပေးဘဲ ပြန်သည်သိမ်းယူနိုင်သည်။

ပုဒ်မ ၁၁ ပါ အချို့စည်းကမ်းချက်များကို လိုက်နာရန် ထပ်တလဲလဲ ပျက်ကွက်၍ ပြန်လည် သိမ်းယူခြင်း။

၃၀။ ။ပုဒ်မ ၁၁၊ ပုဒ်မခွဲ (၁) ၏၊ သို့တည်းမဟုတ် ပုဒ်မခွဲ (၅) ၏ အပိုဒ် (ခ)တွင် ဖြစ်စေ၊ အပိုဒ် (စ) တွင် ဖြစ်စေ၊ ပြဋ္ဌာန်း ထားသည့် စည်းကမ်းချက်များကို တရားဥပဒေအရ၊ လိုက်နာရန် တာဝန်ရှိသူ မည်သူမဆို အဆိုပါစည်းကမ်းချက် တစ်ခုခုကို လိုက်နာရန် ထပ်တလဲလဲပျက်ကွက်လျှင်၊ နိုင်ငံတော်သမ္မတက ဤကိစ္စအလို့ငှာ၊ ခန့်အပ်သည့် အာဏာပိုင်များသည်၊ ဤအက်ဥပဒေအရ၊ ပြုသည့်နည်းဥပဒေများနှင့်အညီ **စုံစမ်းစစ်ဆေးပြီးနောက်၊** အဆိုပါ

စည်းကမ်းဖောက်ဖျက်မှုနှင့် စပ်လျဉ်းသည့် ထိုသူ၏ လယ်ယာမြေကို လျော်ကြေးမပေးဘဲ ပြန်သည်သိမ်းယူရမည်။

ပုဒ်မ ၁၂ ပါ စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်၍ ပြန်လည်သိမ်းယူခြင်း။

၃၁။ ။ပုဒ်မ ၁၂၊ တွင် ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များကို တရားဥပဒေအရ၊ လိုက်နာရန် တာဝန်ရှိသူ မည်သူမဆို၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(၁)၊ အပိုဒ် (ခ)၊ (င) နှင့် (စ) အပြင်၊ ပုဒ်မခွဲ (၂)၊ အပိုဒ် (ခ)၊ (ဿ) နှင့် (င) ပါ စည်းကမ်းချက်များမှတစ်ပါး၊ ပုဒ်မ ၁၂ ၏ အခြားစည်းကမ်းချက် တစ်ခုခုကို လိုက်နာရန် ပျက်ကွက်လျှင်၊ နိုင်ငံတော်သမ္မတက ဤကိစ္စအလို့ငှာ ခန့်အပ်သည့် အာဏာပိုင်များသည်၊ ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေများနှင့် အညီ၊ စုံစမ်းစစ်ဆေးပြီးနောက် အဆိုပါ စည်းကမ်းဖောက်ဖျက်မှုနှင့် စပ်လျဉ်းသည့် ထိုသူ၏ လယ်ယာမြေကို လျော်ကြေးမပေးဘဲ ပြန်လည်သိမ်းယူရမည်။

ပုဒ်မ ၁၂ ပါအချို့စည်းကမ်းချက်များကို လိုက်နာရန်ထပ်တလဲလဲပျက်ကွက်၍ ပြန်လည် သိမ်းယူခြင်း။

၃၂။ ။ပုဒ်မ ၁၂၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ခ)တွင် ဖြစ်စေ၊အပိုဒ် (စ) တွင်ဖြစ်စေ၊ သို့တည်းမဟုတ် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (၂)၊ အပိုဒ် (ခ) တွင် ဖြစ်စေ၊ အပိုဒ် (င) တွင်ဖြစ်စေ ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များကို တရားဥပဒေအရ၊ လိုက်နာရန်တာဝန်ရှိသူ မည်သူမဆို၊ အဆိုပါစည်းကမ်းချက် တစ်ခုခုကိုလိုက်နာရန် ထပ်တလဲလဲ ပျက်ကွက်လျှင် နိုင်ငံတော်သမ္မတက ဤကိစ္စအလို့ငှာ ခန့်အပ်သည့် အာဏာပိုင်များသည်၊ ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေများနှင့် အညီ စုံစမ်းစစ်ဆေးပြီးနောက်၊ အဆိုပါ စည်းကမ်းဖောက်ဖျက်မှုနှင့် စပ်လျဉ်းသည့် ထိုသူ၏ လယ်ယာမြေကို လျော်ကြေးမပေးဘဲ ပြန်လည်သိမ်းယူရမည်။

မပြေ လည်သောအခွန်အတုတ်များကို တောင်းခံခြင်း။

၃၃။ ။ဤအက်ဥပဒေအရ၊ လယ်ယာမြေကို ပိုင်ဆိုင်သူသည်၊ နိုင်ငံတော်က စည်းကြပ်သည့် အခွန်အတုတ်ကို ပေးဆောင်ရန် ပျက်ကွက်လျှင် တည်ဆဲတရားဥပဒေအရ၊ ထိုအခွန်အတုတ်ကို မြေခွန်တော် မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ တောင်းခံရမည်။

အခန်း ၁၄

အယူခံခြင်း၊ ပြန်လည်ပြင်ဆင်ခြင်းနှင့် ပြင်ဆင်ခြင်းများ

အာဏာအပ်နှင်းခြင်း။

၃၄။ ။နိုင်ငံတော်သမ္မတသည်၊ နည်းဥပဒေနှင့် အောက်ပါကိစ္စများအတွက် ပြဋ္ဌာန်းနိုင်သည်။

(က) ဤအက်ဥပဒေအရ၊ ခန့်အပ်သော ကော်မတီက၊ သို့တည်းမဟုတ် အာဏာပိုင်ကဖြစ်စေ၊ ဖွဲ့စည်းထားသော ကောင်စီက၊ သို့တည်းမဟုတ် အမှုဆောင်အဖွဲ့က ဖြစ်စေ၊ ချမှတ်သော အမိန့်ကို၊ သို့တည်းမဟုတ် စီရင်ချက်ကို အယူခံခြင်း၊ ပြန်လည် ပြင်ဆင်ခြင်းအပြင်၊ ပြင်ဆင်ခြင်းနှင့် စပ်လျဉ်းသော အာဏာများ အပ်နှင်းခြင်း။

(ခ) အယူခံမှု၊ ပြန်လည်ပြင်ဆင်မှုနှင့် ပြင်ဆင်မှုများအတွက် ကာလ စည်းကမ်းသတ်ကို သတ်မှတ်ခြင်း။ ထို့ပြင်

(ဂ) ပြဋ္ဌာန်းရန်လိုအပ်သည်ဟု ထင်မြင်ယူဆသော အခြားကိစ္စများ။

ပြင်ဆင်ခြင်း။

၃၅။ ။နိုင်ငံတော် သမ္မတသည်၊ မည်သည့်အချိန်အခါတွင်မဆို လိုအပ်သည်ဟု ထင်မြင်ယူဆလျှင် ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဤအက်ဥပဒေအရ၊ ပြုသည့်နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ၊ ချမှတ်ထားသော အမိန့်ကို၊ သို့တည်းမဟုတ် စီရင်ချက်ကို အတည်ပြုနိုင်သည်။ သို့တည်းမဟုတ် ပြင်ဆင်နိုင်သည်။ သို့တည်းမဟုတ် ပယ်ဖျက်နိုင်သည်။

အခန်း ၁၅

တရားမရုံးနှင့် အခြားအာဏာပိုင်များ၏ စီရင်ပိုင်ခွင့် အာဏာကို တားမြစ်ခြင်း

တရားမရုံး၏ စီရင် ပိုင်ခွင့် အာဏာကိုတားမြစ်ခြင်း။

၃၆။ ။တည်ဆဲ အခြားတရားဥပဒေတွင် မည်သို့ပင် ပါရှိစေကာမူ လျော်ကြေးကို မည်သူ ရထိုက်သည်ဟူသော ပြဿနာနှင့် စပ်လျဉ်း၍ အငြင်းပွားသော မှုခင်းကိစ္စနှင့် အုပ်ထိန်းသူ ခန့်အပ်ခြင်းနှင့် စပ်လျဉ်းသည့် မှုခင်း ကိစ္စများမှတစ်ပါး၊ ဤအက်ဥပဒေပါ မည်သည့် အခြားကိစ္စကိုမျှ တရားမရုံးက စီရင်ပိုင်ခွင့် အာဏာ မရှိစေရ။

လယ်ယာမြေကို ရောင်းချခြင်းမှ ကာကွယ်ခြင်း။

၃၇။ ။လယ်ယာမြေကို တရားမရုံးက ချမှတ်သော အမိန့်၊ သို့တည်းမဟုတ် ဒီကရီအရသော်လည်းကောင်း၊ တည်ဆဲ အခြားတရားဥပဒေအရ ချမှတ်သောအမိန့်အရ သော်လည်းကောင်း၊ ဝရမ်းဖမ်းဆီးခြင်း၊ သို့တည်းမဟုတ် ရောင်းချခြင်းမပြုရ။

အခန်း ၁၆

လယ်ယာမြေကို အသုံးချခြင်း

လယ်ယာမြေကိုအသုံးချခြင်း

၃၈။ ။(၁) နိုင်ငံတော်သမ္မတသည် ဒေသတစ်ခုခုတွင် သီးနှံအမျိုးအစားတစ်ခုခုကို စိုက်ပျိုးခြင်းဖြင့်သော်လည်းကောင်း၊ ဒေသတစ်ခုခုတွင်လယ်ယာမြေကိုသတ်မှတ်ထားသော နည်းလမ်းအတိုင်း အသုံးချခြင်းဖြင့်သော်လည်းကောင်း၊ နိုင်ငံတော်အတွက် ဖြစ်စေ၊ တောင်သူ လယ်သမားများအတွက်ဖြစ်စေ၊ အကျိုးဖြစ်ထွန်းစေမည်ဟု ထင်မြင်ယူဆလျှင်၊ အဆိုပါ သီးနှံအမျိုးအစားကို စိုက်ပျိုးစေရန် သော်လည်းကောင်း၊ အဆိုပါနည်းလမ်းအတိုင်း လယ်ယာမြေကို အသုံးချစေရန် သော်လည်းကောင်း သင့်လျော်မည် ထင်မြင်သည့်အတိုင်း ဆောင်ရွက်နိုင်သည်၊ သို့တည်းမဟုတ် ဆောင်ရွက်စေနိုင်သည်။

(၂) နိုင်ငံတော် သမ္မတသည်ပုဒ်မခွဲ (၁) ပါ ကိစ္စများကို ဆောင်ရွက်ရန် အလို့ငှာ နည်းဥပဒေများပြုနိုင်သည်။

၃၉။ ။ဤအက်ဥပဒေပါ အခြား ပြဋ္ဌာန်းချက်များတွင် မည်သို့ပင် ပါရှိစေကာမူ၊ နိုင်ငံတော်သမ္မတသည်၊ သို့တည်းမဟုတ် ဤကိစ္စအလို့ငှာ နိုင်ငံတော် သမ္မတက ခန့်အပ်သော အာဏာပိုင်သည်၊ လို အပ်သည်ဟု ထင်မြင်ယူဆလျှင်၊ မည်သည့်လယ်ယာမြေကို မဆို မိမိသတ်မှတ်သည့် နည်းလမ်းအတိုင်း အသုံးချရန် ဆင့်ဆိုနိုင်သည်။

လယ်ယာမြေကိုသတ်မှတ်သည့် နည်းလမ်း အတိုင်း အသုံးချခြင်း။

၄၀။ ။(၁) နိုင်ငံတော် သမ္မတသည်၊ တည်ဆဲအခြားတရားဥပဒေနှင့် ဤအက်ဥပဒေ တွင် မည်သို့ပင် ပါရှိစေကာမူ၊ ကျွန်းမြေ၊ ကျေးရွာ လယ်ယာဘုံမြေ (Village Communal Land) နှင့် နိုင်ငံတော်က အလိုရှိသည့်အတိုင်း သုံးစွဲနိုင်သည့် လယ်ယာ လုပ်ကိုင်နိုင်သော မြေရိုင်းများကို ဤအက်ဥပဒေ အရ၊ ပြုသည့် နည်းဥပဒေများနှင့် အညီ စီမံခန့်ခွဲစေနိုင်သည်။

အချို့မြေယာ အမျိုးအစားများကို အသုံး ချခြင်း နှင့် ဆက်လက်ထားရှိခြင်း။

(၂) နိုင်ငံတော်သမ္မတက သော်လည်းကောင်း၊ ဤကိစ္စအလို့ငှာ နိုင်ငံတော် သမ္မတ က ခန့်အပ်သော အာဏာပိုင်က သော်လည်းကောင်း၊ အခြားနည်း အမိန့်ဆင့်ဆိုသည်မှ တစ်ပါး၊ကွဲ၊ နွား၊ စားကျက်များနှင့် ရွာဘုံမြေများကို မပျက်စီးစေဘဲ ဆက်လက် ထားရှိရမည်။

အခန်း ၁၇

လယ်ယာမြေကို အုပ်ချုပ်ခြင်း

၄၁။ ။တည်ဆဲ အခြားတရားဥပဒေတွင် မည်သို့ပင် ပါရှိစေကာမူ၊ နိုင်ငံတော် သမ္မတသည်၊ ဤအက်ဥပဒေအရ လယ်ယာမြေကို အုပ်ချုပ် ရန်ကိစ္စ အလို့ငှာ နည်းဥပဒေများ ပြုနိုင်သည်။

လယ်ယာမြေကိုအုပ်ချုပ်ခြင်း။

အခန်း ၁၈

လျော်ကြေး

*၄၂။ ။(၁) တည်ဆဲ အခြားတရားဥပဒေတွင် မည်သို့ပင် ပါရှိစေကာမူ၊ဤအက် ဥပဒေပါ အခြားပြဋ္ဌာန်းချက်များကို အထောက်အထား ပြု၍ ပုဒ်မ ၅ အရဖြစ်စေ၊ ပုဒ်မ ၉၊ ပုဒ်မခွဲ (၂)၊ ခြွင်းချက် အရဖြစ်စေ နိုင်ငံတော်က ပြန်လည်သိမ်းယူသော လယ်ယာမြေအတွက် လျော်ကြေးကို ဤပုဒ်မနှင့်ဇယား (၂) ပါ ပြဋ္ဌာန်းချက်များနှင့် အညီပေးရမည်။

လျော်ကြေးပေးခြင်း။

ခြွင်းချက်။ ။သို့ရာတွင် နိုင်ငံတော်က ယာမြေကို ပြန်လည် သိမ်းယူသည့် အတွက် ဤပုဒ်မခွဲအရ၊ ပိုင်ရှင်တစ်ဦးက ထိုယာမြေအတွက် ရရှိမည့် လျော်ကြေးငွေ စုစုပေါင်း ၏ ပျမ်းမျှခြင်း လျော်ကြေးနှုန်းသည်၊ တစ်ဧကလျှင် ငွေတစ်ကျပ် ပြားငါးဆယ်ထက် လျော့နည်းလျှင် ထိုယာမြေများအတွက် လျော်ကြေးငွေကို တစ်ဧကလျှင် ငွေတစ်ကျပ် ပြားငါးဆယ် အထိ တိုးမြှင့်၍ ပေးရမည်။

---

* ပြင်ဆင်ချက် အက်ဥပဒေမှတ် ၂၂၊ နေ့စွဲ၊ ၁၉၅၄ ခုနှစ်၊ မတ်လ ၃၀ ရက် အရ ပြင်ဆင်ထည့်သွင်းထားသည်။

(၂) အပိုင်စာချုပ် (Grant) အရ၊ သို့တည်းမဟုတ် အငှားစာချုပ် (Lease) အရ၊ လယ်ယာမြေအပေါ်တွင် အခွင့်အရေးရရှိ၍၊ ထိုအပိုင်စာချုပ် (Grant) ကို၊ သို့တည်းမဟုတ် အငှားစာချုပ် (Lease) ကို ရရှိရန်အတွက် အစိုးရအား စပေါ်ငွေ (Premium) ပေးခဲ့ရသော လယ်ယာမြေကို နိုင်ငံတော်က ပြန်လည်သိမ်းယူလျှင်၊ပုဒ်မခွဲ (၁) အရ ပေးရမည့် လျော်ကြေးငွေအပြင်၊ အဆိုပါ စပေါ်ငွေ (Premium)နှင့် ညီမျှသောငွေကိုလည်း လျော်ကြေးအဖြစ် ပေးရမည်။

(၃) ပုဒ်မခွဲ (၁) တွင် ရည်ညွှန်းထားသော လယ်ယာမြေကို အဆောက်အအုံဖြင့် တိုးတက် ကောင်းမွန်အောင် ပြုပြင်ထားလျှင်၊ ထိုသို့ပြုပြင်ထားခြင်းအတွက် လျော်ကြေး ပေးရမည်။ အဆိုပါ တိုးတက်ကောင်းမွန်အောင်ပြုပြင်ထားသည့် အဆောက်အအုံများကို အောက်ပါ နည်းလမ်းအတိုင်း တန်ဖိုးဖြတ်ရမည်။

မူလ တည်ဆောက်သည့် ကုန်ကျစရိတ်နှင့် ထိုသို့ တည်ဆောက်ထားသည့် အဆောက် အအုံကို မွမ်းမံပြုပြင်သည့်အတွက် ကုန်ကျစရိတ်နှစ်ရပ်ပေါင်းမှ တန်ဖိုးယုတ် လျော့သည့်အတွက် နှင့် ပျက်စီးယိုယွင်းသည့်အတွက် တန်ဖိုးကို နုတ်ရမည်။

(၄) နိုင်ငံတော်သမ္မတသည်၊ ဤပုဒ်မအရ ပေးရမည့်လျော်ကြေးကို ငွေဖြင့်ဖြစ်စေ၊ စာချုပ်စာတမ်း (Bond) ဖြင့် ဖြစ်စေ၊ အခြားနည်းလမ်းဖြင့် ဖြစ်စေ တစ်ကြိမ်တည်း၊ သို့တည်းမဟုတ် အကြိမ်ကြိမ် ပေးနိုင်စေရန် အခါအားလျော်စွာ နည်းလမ်းများကို သတ်မှတ်နိုင်သည်။

(၅) နိုင်ငံတော် သမ္မတသည်၊ ဤပုဒ်မပါ ကိစ္စများကို ဆောင်ရွက်ရန် နည်းဥပဒေများပြုနိုင်သည်။

အခြားနည်းဖြင့် သက်သာခွင့်ပေးခြင်း။

၄၃။ ။နိုင်ငံတော် သမ္မတသည်၊ အကြောင်းအားလျော်စွာ လိုအပ်သည်ဟု ထင်မြင်လျှင်၊ပုဒ်မ ၄၂ အရ၊လျော်ကြေးရထိုက်သူ တစ်ဦးအားထိုလျော်ကြေးအပြင် ပုဒ်မ ၆ အရ ခွင့်ပြုသည့် ကင်းလွတ်ခွင့်မျိုးမဟုတ်သော အခြား သက်သာခွင့်ကို ပေးနိုင်သည်။

ဆယ်ဦးကော်မရှင်။

၄၄။ ။(၁) နိုင်ငံတော် သမ္မတသည်၊ ဤအက်ဥပဒေအရ လျော်ကြေးပေးရန် နည်းလမ်းများနှင့် စပ်လျဉ်း၍ မိမိအား အကြံဉာဏ်ပေးရန် ဆယ်ဦးထက်မများသည့် ပုဂ္ဂိုလ်များ ပါဝင်သော ကော်မရှင် တစ်ခုကို ဖွဲ့စည်းရမည်။

(၂) ထိုကော်မရှင်သည်၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၈၀ နှင့် ၄၈၂ တို့၏အဓိပ္ပာယ်အရ၊ တရားမရုံးဖြစ်သည်ဟု မှတ်ယူရမည်။ အဆိုပါ ကော်မရှင်သည်၊ မိမိတို့က သင့်သည်ထင်မြင်သည့် အချိန်များနှင့် နေရာများတွင် ရုံးထိုင်နိုင်သည့်ပြင်၊ အောက်ပါ ကိစ္စများနှင့် စပ်လျဉ်း၍၊ တရားမကျင့်ထုံး ဥပဒေအရ၊ တရားရုံးများအား အပ်နှင်းထားသည့် အာဏာများကို ရရှိစေရမည်။

(က) ဆိုင်ရာ အကြောင်းအရာများနှင့် စာချုပ် စာတမ်း စသည်များကို ဖွင့်လှစ် ထုတ်ဖော်စေခြင်းနှင့် ကြည့်ရှုစစ်ဆေးခြင်း။

(ခ) သက်သေများကို လာရောက်စေရန် အတင်းအကျပ် ဆင့်ဆိုခေါ်ယူခြင်း၊ သက်သေစရိတ် တင်သွင်းရန် ဆင့်ဆိုနိုင်ခြင်း။

(ဂ) စာချုပ်စာတမ်းများကို လာရောက်တင်ပြစေရန် အတင်းအကျပ် ပြုလုပ်ခြင်း။

(ဃ) သက်သေများကို ကျမ်းသစ္စာဖြင့် စစ်ဆေးခြင်း။

(င) ရက်ချိန်းများပေးခြင်း။

(စ) စာဖြင့်ရေးသား၍ပေးပို့သော ကျမ်းကျိန်ထွက်ဆိုချက်များကို လက်ခံခြင်း။

(ဆ) မလာမရောက်နိုင်သော သက်သေများကို ကော်မရှင်ထုတ်၍ စစ်ဆေးခြင်း။ ထို့ပြင်

(ဇ) နေရာဌာနများကို ကြည့်ရှုစစ်ဆေးခြင်း။

လျော်ကြေးအရာရှိများ။

၄၅။ ။(၁) နိုင်ငံတော် သမ္မတသည်၊ ပုဒ်မ ၄၂ နှင့် ဇယား ၂ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လျော်ကြေး လျော့ကြေးများကို လက်ခံစစ်ဆေးဆုံးဖြတ်ရန်၊ လျော်ကြေး အရာရှိများကို ခန့်အပ်၍၊ ထိုအရာရှိများအား မိမိက လိုအပ်သည်ဟု ထင်မြင်သည့် အာဏာများကို အပ်နှင်းနိုင်သည်။

(၂) နိုင်ငံတော် သမ္မတသည်၊ ဤအက်ဥပဒေအရ၊ လျော်ကြေး လျော့ကြေးများကို လက်ခံခြင်းနှင့် စစ်ဆေးခြင်း၊ ထို့ပြင် လျော်ကြေး တွက်ချက်ခြင်းနှင့် သတ်မှတ်ခြင်းများအတွက် လိုက်နာရမည့် နည်းလမ်းများကို နည်းဥပဒေဖြင့် ပြဋ္ဌာန်းနိုင်သည်။

အခန်း ၁၉

ပြစ်ဒဏ်များ

လွှဲပြောင်းခြင်းအတွက် ပြစ်ဒဏ်။

၄၆။ ။မည်သူမဆို၊ ပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များကို ကျူးလွန် ဖောက်ဖျက်လျှင်၊ ထိုသူကို ကျပ်ငါးရာထိ ငွေဒဏ်ချမှတ်ရမည်။

တားဆီးပိတ်ပင်သူတို့အတွက် ပြစ်ဒဏ်။

၄၇။ ။မည်သူမဆို၊ ဤအက်ဥပဒေအရ တာဝန်များကို ဆောင်ရွက်နေသော ဤအက်ဥပဒေအရ ခန့်အပ်သည့်ကော်မတီကို၊ သို့တည်းမဟုတ် အာဏာပိုင်ကို၊ သို့တည်းမဟုတ် ဖွဲ့စည်းထားသည့် ကောင်စီကို၊ သို့တည်းမဟုတ် အမှုဆောင်အဖွဲ့ကို၊ သို့တည်းမဟုတ် ကော်မတီလူကြီးကို၊ သို့တည်းမဟုတ် ကောင်စီလူကြီးကို၊ သို့တည်းမဟုတ် အမှုဆောင်အဖွဲ့ဝင် လူကြီးကို တားဆီးပိတ်ပင်လျှင်၊ ထိုသူကို ၂ နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ထောင်ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

အမိန့်ကို လိုက်နာရန် ပျက်ကွက်သည့် အတွက် ပြစ်ဒဏ်။

*၄၈။ ။မည်သူမဆို ခရိုင်မြေယာကော်မတီက ပုဒ်မ ၁၅၊ အပိုဒ် (ဃ) အရ ထုတ်ဆင့်သည့် အမိန့်မှတစ်ပါး၊ ဤအက်ဥပဒေအရ ခန့်အပ်သော ကော်မတီ၊ သို့တည်းမဟုတ် အာဏာပိုင်ကဖြစ်စေ ဖွဲ့စည်းထားသောကောင်စီ၊ သို့တည်းမဟုတ် အမှုဆောင် အဖွဲ့ကဖြစ်စေ၊ ဤအက်ဥပဒေအရ ထုတ်ဆင့်သည့် အခြားအမိန့် တစ်ခုခုကို၊

* ပြင်ဆင်ချက်အက်ဥပဒေ အမှတ် ၄၉၊ စနစ္စ ၁၉၅၇ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်အရ၊ ပြင်ဆင်ထည့်သွင်းထားသည်။

သို့တည်းမဟုတ် ဆင့်ဆိုချက်တစ်ခုခုကို၊ လိုက်နာရန် ပျက်ကွက်လျှင်၊ ထိုသူကို ၆ လထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

ခရိုင်မြေယာကော်မတီ၏နှင်ထုတ်သည့် အမိန့်ကို လိုက်နာရန်ပျက်ကွက်သည့် အတွက်ပြစ်ဒဏ်။

††၄၈ က။ ။မည်သူမဆို ဤအက်ဥပဒေအရ ကင်းလွတ်ခွင့်ပေးသည့် လယ်ယာမြေမှ၊ သို့တည်းမဟုတ် ဝေငှသည့် လယ်ယာမြေမှ၊ သို့တည်းမဟုတ် သတ်မှတ်သည့် နည်းလမ်းအတိုင်း အသုံးချရန် ဆင့်ဆိုချက်နှင့်သက်ဆိုင်သော လယ်ယာမြေမှ ထွက်ခွာသွားရန် ခရိုင်မြေယာကော်မတီက၊ ပုဒ်မ ၁၅၊ အပိုဒ်(ဃ)အရ၊ နှင်ထုတ်သည့် အမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင်၊ ထိုသူကို ၂ နှစ်ထိ ထောင်ဒဏ်နှင့် ငွေဒဏ်ချမှတ်ရမည်။

ငါးဦး၊သို့မဟုတ်ငါးဦးထက်ပိုသော သူများက ကျူးလွန်သည့် အတွက်ပြစ်ဒဏ်။

၄၉။ ။ငါးဦး၊ သို့တည်းမဟုတ် ငါးဦးထက်ပိုသူတို့သည်၊ ပုဒ်မ ၄၇ အရ၊ သို့တည်းမဟုတ် ပုဒ်မ ၄၈ အရ၊ ပြစ်မှုကျူးလွန်ရန် စုညီကြံရွယ်ချက်ဖြင့် အသင်းဖွဲ့စည်းလျက် ၎င်းတို့အနက်၊ တစ်ဦးဦးက မိမိတို့၏ စုညီကြံရွယ်ချက် အကြံထမြောက်အောင် ပုဒ်မ ၄၇ အရ၊ သို့တည်းမဟုတ် ပုဒ်မ ၄၈ အရ၊ ပြစ်မှုကျူးလွန်လျှင်၊ ထိုသူအသီးသီးကို ၃ နှစ်ထိ ထောင်ဒဏ်ချမှတ်ရမည်။

အခန်း ၂၀

အရပ်ရပ်ဆိုင်ရာ ပြဋ္ဌာန်းချက်များ

နည်းဥပဒေပြုခြင်း။

၅၀။ ။(၁) နိုင်ငံတော်သမ္မတသည်၊ ဤအက်ဥပဒေပါ ကိစ္စများဆောင်ရွက်ရန် နည်းဥပဒေများ ပြုနိုင်သည်။

(၂) အထူးသဖြင့် အထက်အဆိုပါ အာဏာ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ ထိုနည်းဥပဒေများသည်——

(က) လယ်ယာမြေကို ဤအက်ဥပဒေအရ၊ ပြန်လည်သိမ်းယူရာတွင် လိုက်နာရမည့် နည်းလမ်းကို ပြဋ္ဌာန်းနိုင်သည်။
(ခ) ပုဒ်မ ၆ အရ၊ လိုက်နာရမည့်နည်းလမ်းကို ပြဋ္ဌာန်းနိုင်သည်။
(ဂ) ပုဒ်မ ၇ အရ၊ လိုက်နာရမည့် နည်းလမ်းကို ပြဋ္ဌာန်းနိုင်သည်။
(ဃ) ပုဒ်မ ၄၃ အရ၊ လိုက်နာရမည့် နည်းလမ်းများကို ပြဋ္ဌာန်းနိုင်သည်။
(င) ပုဒ်မ ၁၆ တွင် ရည်ညွှန်းထားသည့် ရွေးကောက်တင်မြှောက်မှု အတွက် ပြဋ္ဌာန်းနိုင်သည်။
(စ) တစ်တုံးထွန်ကို သတ်မှတ်ပြဋ္ဌာန်းနိုင်သည်။ ထို့ပြင်
(ဆ) နိုင်ငံတော်သမ္မတက လိုအပ်သည်ဟု ထင်မြင်ယူဆသော အခြား ကိစ္စအရပ်ရပ်ကို ပြဋ္ဌာန်းနိုင်သည်။

---

†† ပြင်ဆင်ချက်အက်ဥပဒေအမှတ် ၄၉၊ နေ့စွဲ ၁၉၅၇ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်အရ၊ ဖြည့်စွက် ထည့်သွင်းထားသည်။

အထူးပြဋ္ဌာန်းချက်။

၅၁။ ။နိုင်ငံတော်သမ္မတသည်၊ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍၊ ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖော်ပြထားသည့် အရပ်ဒေသများ၌၊ သီးခြားဖော်ပြထားသည့် နေ့တွင် ၁၉၅၃ ခုနှစ်၊ သီးခြားချထားရေး အက်ဥပဒေ အာဏာတည်ခြင်းမှ ရပ်စဲရမည်ဟု ကြေညာနိုင်သည်။ ထိုအမိန့်ကြော်ငြာစာအရ၊ အဆိုပါအက်ဥပဒေ အာဏာတည်ခြင်းမှ ရပ်စဲသည့်အခါ၊ မြန်မာနိုင်ငံတော် ယေဘုယျစကားရပ် အက်ဥပဒေပုဒ်မ ၅ ပါ၊ ဥပဒေများ ရုပ်သိမ်းခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များသည်၊ အကျိုးသက်ရောက်ရမည်။

ပြဋ္ဌာန်း ချက်များနှင့် မညီညွတ်၍ ပြန်လည်သိမ်းယူသောမြေ။

၅၂။ ။ဤအက်ဥပဒေပါအခြားပြဋ္ဌာန်းချက်များတွင်၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရပြုသည့် နည်းဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ၊ နိုင်ငံတော်သမ္မတသည်၊ ဤအက်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်၊ သို့တည်းမဟုတ် ဤအက်ဥပဒေအရ ပြုသည့်နည်းဥပဒေများနှင့် မညီညွတ်၍ ပြန်လည်သိမ်းယူသော လယ်ယာမြေကို၊ တောင်သူလယ်သမားများသို့ဖြစ်စေ၊ တောင်သူလယ်သမား အဖွဲ့အစည်းများသို့ဖြစ်စေ မိမိသင့်သည် ထင်မြင်သည့် နည်းလမ်းအတိုင်းဝေငှစေနိုင်သည်။

ရုပ်သိမ်းခြင်းနှင့်မပြီးပြတ်သေးသော အမှုများ။

၅၃။ ။(၁) ၁၉၄၈ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေ ၁၉၄၈ ခုနှစ်၊ အက်ဥပဒေ ပုဒ်မ(၆၀) ကိုရုပ်သိမ်းလိုက်သည်။

(၂) ၁၉၄၈ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေး အက်ဥပဒေကို ရုပ်သိမ်းစေကာမူ၊ ထိုအက်ဥပဒေနှင့် ထိုအက်ဥပဒေ အရပြုသည့် နည်းဥပဒေများနှင့်အညီ ခန့်ထားသော ယာယီ ခရိုင်မြေယာကော်မတီ များသည်၊ သို့တည်းမဟုတ် အခြားသော မြေယာကော်မတီများသည်၊ သို့တည်းမဟုတ် အဖွဲ့များသည်၊ သို့တည်းမဟုတ် အာဏာပိုင်များသည်၊ ဤအက်ဥပဒေနှင့် ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေများနှင့်အညီ ခန့်အပ်သည်ဟု ယူဆရမည့်ပြင်၊ အဆိုပါ ယာယီခရိုင် မြေယာကော်မတီထံတွင် သော်လည်းကောင်း၊ အခြားသော မြေယာကော်မတီများထံတွင် သော်လည်းကောင်း၊ အဖွဲ့များထံတွင်သော်လည်းကောင်း၊ အာဏာပိုင်များထံတွင်သော် လည်းကောင်း မပြီးပြတ်ဖြစ်နေသေးသော လျှောက်လွှာများကို၊ သို့တည်းမဟုတ် အမှုများကို ဤအက်ဥပဒေနှင့် ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေများနှင့် အညီ လျှောက်ထားသည်၊ သို့တည်းမဟုတ် စတင် ဆောင်ရွက်သည်ဟု ယူဆရမည်။

အဆိုပါ ယာယီခရိုင် မြေယာကော်မတီများသည်၊ သို့တည်း မဟုတ် အခြားသော မြေယာ ကော်မတီများသည်၊ သို့တည်းမဟုတ် အဖွဲ့များသည်၊ သို့တည်းမဟုတ် အာဏာပိုင် များသည်၊ အဆိုပါလျှောက်လွှာများနှင့်၊ သို့တည်းမဟုတ် အမှုများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဤအက်ဥပဒေအရ၊ ခန့်အပ်ထားသည့် ကော်မတီများက၊ သို့တည်းမဟုတ် အဖွဲ့များက၊ သို့တည်းမဟုတ် အာဏာပိုင်များက မိမိတို့ တာဝန်ဝတ္တရားများကို စတင် ဆောင်ရွက်သည့်အချိန်အထိ ဆက်လက်ဆောင်ရွက်ရမည်။

သန်လျင် မြို့နယ်တွင် ဆောင်ရွက်ချက်များကို ဖျက်သိမ်းခြင်း။

၅၄။ ။သန်လျင်မြို့နယ်တွင် ၁၉၄၈ ခုနှစ်၊ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေအရ ဆောင်ရွက်ချက်များသည်၊ ဤအက်ဥပဒေ စတင် အာဏာတည်သည့်နေ့တွင် ပျက်ပြယ်သည်ဟု မှတ်ယူရမည်။

ဇယား ၁

၁။ ။ကြေးတိုင်စာရင်းများတွင် စပါးမြေ မျိုးကြီးများဟူ၍သော်လည်းကောင်း၊ မြေစာရင်းဌာန စာရင်းများတွင် စပါးစိုက်ပျိုးသည့်မြေ ဟူ၍သော်လည်းကောင်း အမျိုးအစားခွဲခြားထားသည့် သို့တည်းမဟုတ် ထိုသို့သောစာရင်းများ မထားရှိလျှင်၊ သာမန်အားဖြင့် စပါးစိုက်ပျိုးရန်အတွက် အသုံးပြုသည့် မြေများဖြစ်ခဲ့လျှင်—

(က) ပုဒ်မ ၆၊ ပုဒ်မခွဲ(၁)၊ အပိုဒ်(က)တွင် သီးခြားဖော်ပြထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်သော တောင်သူလယ်သမား အိမ်ထောင်သားစု ပိုင်ဆိုင်သည့် လယ်ယာမြေဖြစ်ခဲ့လျှင်၊ ၁ေ၀ဧကပါးဆယ်အထိ။

(ခ) ပုဒ်မ ၆၊ ပုဒ်မခွဲ(၁)၊ အပိုဒ်(ခ)၊ အပိုဒ်ခွဲ(ကက)၊ (ခခ)၊ (ဂဂ)နှင့် (ဃဃ)တွင် သီးခြားဖော်ပြထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်သော တစ်လုံးတစ်စည်းတည်းဖြစ်၍၊ ပစ္စည်းမခွဲဝေရသေးသော တောင်သူလယ်သမား အိမ်ထောင်သားစု ပိုင်ဆိုင်သည့် လယ်ယာမြေ ဖြစ်ခဲ့လျှင် ဧကငါးဆယ်အထိ၊ ရင်းပြင် ထိုအိမ်ထောင်သားစုတွင် အရွယ်ရောက်ပြီးသူ ဦးရေသည်၊ လေးဦးထက် ပိုမိုသည့်ပြင်၊ ထိုအိမ်ထောင်စုသည်၊ ပုဒ်မ ၆၊ ပုဒ်မခွဲ(၁)၊ အပိုဒ်(ခ)၏ ပထမ ခြွင်းချက်တွင် သီးခြားဖော်ပြထားသော စည်းကမ်းချက်များနှင့်ညီညွတ်လျှင် ထိုလေးဦးထက် ပိုမိုသော အရွယ်ရောက်ပြီးသူတစ်ဦးစီအတွက် ဧကတစ်ဆယ့်နှစ်နှင့် ဒသမ ငါးဆယ်အထိ။

(ဂ) ပုဒ်မ ၆၊ ပုဒ်မခွဲ(၁)၊အပိုဒ်(ဂ)တွင် သီးခြားဖော်ပြထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်သော အရွယ်မရောက်သေးသူ တစ်ဦးပိုင်ဆိုင်သည့် လယ်ယာမြေ ဖြစ်ခဲ့လျှင်၊ ဧကတစ်ဆယ်အထိ။

(ဃ) ပုဒ်မ ၆၊ ပုဒ်မခွဲ(၁)၊ အပိုဒ်(ဃ)တွင် သီးခြားဖော်ပြထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်သော စိတ်ပေါ့သွပ်သူတစ်ဦး ပိုင်ဆိုင်သည့် လယ်ယာမြေ ဖြစ်ခဲ့လျှင် ဧကတစ်ဆယ်အထိ။

(င) ပုဒ်မ ၆၊ ပုဒ်မခွဲ(၁)၊အပိုဒ်(င) တွင် သီးခြားဖော်ပြထားသည့် စည်းကမ်းချက်များနှင့်ညီညွတ်သော တောင်သူလယ်သမားမဟုတ်သည့် အိမ်ထောင်သားစုပိုင်ဆိုင်သည့် လယ်ယာမြေဖြစ်ခဲ့လျှင်၊ ဧက နှစ်ဆယ်အထိ။

*(စ) ပုဒ်မ ၆၊ ပုဒ်မခွဲ(၁)၊အပိုဒ်(စ)တွင် သီးခြားဖော်ပြထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်သော တောင်သူလယ်သမား အိမ်ထောင်သားစု ပိုင်ဆိုင်သည့် လယ်ယာမြေဖြစ်ခဲ့လျှင်၊ ဧက နှစ်ဆယ်အထိ။

ခြွင်းချက်။ ။သို့ရာတွင် အပိုဒ်ခွဲ(ဂ)အရ၊ ကင်းလွတ်ခွင့် တောင်းဆိုခြင်းသည်၊ တောင်သူလယ်သမား အိမ်ထောင်သားစု တစ်စုတည်းမှ၊ တစ်ဦးထက် ပိုမိုသော အရွယ် မရောက်သေးသူများအတွက် ဖြစ်ခဲ့လျှင်၊ ကင်းလွတ်ခွင့်ပေးသော လယ်ယာမြေ အားလုံး၏ ဧရိယာသည်၊ ဧက ငါးဆယ်ထက် မပိုစေရ။

---

* ပြင်ဆင်ချက် အက်ဥပဒေအမှတ် ၂၂၊ နေ့စွဲ ၁၉၅၄ ခုနှစ်၊ မတ်လ ၃၀ ရက်အရ၊ ထည့်သွင်းထားသည်။

၂။ ။ကြေးတိုင်စာရင်းများတွင် ကျောက်ဆည်ခရိုင်၌၊ ငရုတ်စိုက်ပျိုး၍၊ (ဋ) ဟု မှတ်သားထားသော မြေများပါဝင်သည့် ယာမြေမျိုးကြီး ဟူ၍သော်လည်းကောင်း၊ မြေစာရင်းဌာန စာရင်းများတွင်၊ ယာမြေ၊ ငရုတ်မြေဟူ၍သော်လည်းကောင်း အမျိုးအစားခွဲခြားထားသည့်၊ သို့တည်းမဟုတ် ထိုသို့သောစာရင်းများ မထားရှိလျှင်၊ သာမန်အားဖြင့်၊ ယာကောက်ပဲသီးနှံ စိုက်ပျိုးရန်အတွက် အသုံးပြုသည့်မြေများ ဖြစ်ခဲ့လျှင်—

(က) ပုဒ်မ ၆၊ ပုဒ်မခွဲ (၁)၊အပိုဒ်(က)တွင်သီးခြားဖော်ပြထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်သော တောင်သူလယ်သမား အိမ်ထောင်သားစု ပိုင်ဆိုင်သည့် လယ်ယာမြေဖြစ်ခဲ့လျှင်၊ ကေ နှစ်ဆယ့်ငါးအထိ။

(ခ) ပုဒ်မ ၆၊ ပုဒ်မခွဲ(၁)၊အပိုဒ်(ခ)၊အပိုဒ်ခွဲ(ကက)၊(ခခ)၊(ဂဂ)နှင့်(ဃဃ) တွင် သီးခြားဖော်ပြထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်သော တစ်လုံး တစ်စည်းတည်းဖြစ်၍၊ ပစ္စည်းမခွဲဝေရသေးသော တောင်သူလယ်သမား အိမ်ထောင်သားစုပိုင်ဆိုင်သည့် လယ်ယာမြေဖြစ်ခဲ့လျှင်၊ ကေ နှစ်ဆယ့်ငါးအထိ။ ရင်းပြင် ထိုအိမ်ထောင်သားစုတွင် အရွယ်ရောက်ပြီးသူ ဦးရေသည်၊ လေးဦးထက်ပိုမိုသည့်ပြင်၊ ထိုအိမ်ထောင်သားစုသည်၊ ပုဒ်မ၆၊ ပုဒ်မခွဲ(၁)၊ အပိုဒ်(ခ)၏ ပထမခြွင်းချက်တွင် သီးခြားဖော်ပြထားသော စည်းကမ်းချက်များနှင့် ညီညွတ်လျှင် ထိုလေးဦးထက် ပိုမိုသောအရွယ်ရောက်ပြီးသူ တစ်ဦးစီအတွက် ကေ ခြောက်နှင့် ဒသမနှစ်ဆယ့်ငါးအထိ။

(ဂ) ပုဒ်မ ၆၊ ပုဒ်မခွဲ(၁)၊အပိုဒ်(ဂ)တွင် သီးခြားဖော်ပြထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်သော အရွယ်မရောက်သေးသူ တစ်ဦး ပိုင်ဆိုင်သည့် လယ်ယာမြေဖြစ်ခဲ့လျှင်၊ ကေ တစ်ဆယ်အထိ။

(ဃ) ပုဒ်မ ၆၊ ပုဒ်မခွဲ(၁)၊ အပိုဒ်(ဃ)တွင် သီးခြားဖော်ပြထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်သော စိတ်ပေါ့သွပ်သူ တစ်ဦး ပိုင်ဆိုင်သည့် လယ်ယာမြေ ဖြစ်ခဲ့လျှင်၊ ကေတစ်ဆယ်အထိ။

(င) ပုဒ်မ ၆၊ ပုဒ်မခွဲ(၁)၊ အပိုဒ်(င) တွင်သီးခြား ဖော်ပြထားသည့် စည်းကမ်းချက်များနှင့်ညီညွတ်သော တောင်သူလယ်သမား မဟုတ်သည့်အိမ်ထောင်သားစုပိုင်ဆိုင်သည့် လယ်ယာမြေဖြစ်ခဲ့လျှင်၊ ကေ တစ်ဆယ်အထိ။

*(စ) ပုဒ်မ ၆၊ ပုဒ်မခွဲ(၁)၊ အပိုဒ်(စ)တွင်သီးခြားဖော်ပြထားသည့်စည်းကမ်းချက်များနှင့် ညီညွတ်သော တောင်သူလယ်သမား အိမ်ထောင်သားစု ပိုင်ဆိုင်သည့် လယ်ယာမြေဖြစ်ခဲ့လျှင်၊ ကေ တစ်ဆယ်အထိ။

ခြွင်းချက်။ ။သို့ရာတွင် အပိုဒ်ခွဲ(ဂ)အရ၊ ကင်းလွတ်ခွင့် တောင်းဆိုခြင်းသည် တောင်သူလယ်သမား အိမ်ထောင်သားစု တစ်စုတည်းမှ၊ တစ်ဦးထက်ပိုမိုသော အရွယ်မရောက်သေးသူများအတွက် ဖြစ်ခဲ့လျှင်၊ ကင်းလွတ်ခွင့်ပေးသော လယ်ယာမြေအားလုံး၏ ဧရိယာသည် ကေ နှစ်ဆယ့်ငါးထက်မပိုစေရ။

---

* ပြင်ဆင်ချက် အက်ဥပဒေအမှတ် ၂၂၊ နေ့စွဲ ၁၉၅၄ ခုနှစ်၊ မတ်လ ၃၀ ရက်အရ ထည့်သွင်းထားသည်။

၃။ ။ကြေးတိုင်စာရင်းများတွင်၊ကိုင်းယာမြေမျိုးကြီးနှင့် မန္တလေးခရိုင်နှင့် ရွှေဘိုခရိုင်ရှိ(KA) မြေမျိုးကြီးများ မြင်းခြံခရိုင်ရှိ (YT) မြေမျိုးကြီးများပါဝင်သည့် ကိုင်းမြေမျိုးကြီးများ ဟူ၍သော်လည်းကောင်း၊ မြေစာရင်းဌာန စာရင်းများတွင် ကိုင်း၊ ကိုင်းယာ (KA) နှင့် (YT) မြေများဟူ၍သော်လည်းကောင်း၊ အမျိုးအစားများခွဲခြားထားသည့်၊ သို့တည်းမဟုတ် ထိုသို့သောစာရင်းများ မထားရှိလျှင်၊ သာမန်အားဖြင့် ကိုင်းကောက်ပဲသီးနှံ စိုက်ပျိုးရန်အတွက် အသုံးပြုသည့်မြေများ ဖြစ်ခဲ့လျှင်—

(က) ပုဒ်မ ၆၊ ပုဒ်မခွဲ(၄)၊အပိုဒ်(က)တွင် သီးခြားဖော်ပြထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်သော တောင်သူလယ်သမား အိမ်ထောင်သားစု ပိုင်ဆိုင်သည့် လယ်ယာမြေဖြစ်ခဲ့လျှင်၊ ဧက တစ်ဆယ်အထိ။

(ခ) ပုဒ်မ ၆၊ ပုဒ်မခွဲ(၁)၊ အပိုဒ် (ခ)၊ အပိုဒ်ခွဲ(ကက)၊ (ခခ)၊ (ဂဂ) နှင့် (ဃဃ)တွင် ဖော်ပြထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်သော တစ်လုံးတစ်စည်းဘည်းဖြစ်၍၊ ပစ္စည်းမခွဲဝေရသေးသော တောင် သူလယ်သမား အိမ်ထောင်သားစု ပိုင်ဆိုင်သည့်လယ်ယာမြေ ဖြစ်ခဲ့လျှင်၊ ဧကတစ်ဆယ်အထိ။ ၎င်းပြင်၊ ထိုအိမ်ထောင်သားစုတွင် အရွယ်ရောက်ပြီးသူ ဦးရေသည်၊လေးဦးထက် ပိုမိုသည့်ပြင်၊ ထိုအိမ်ထောင်သားစုသည်၊ ပုဒ်မ ၆၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ခ) ၏ ပထမခြွင်းချက်တွင် သီးခြားဖော်ပြထားသောစည်းကမ်းချက်များနှင့် ညီညွတ်လျှင်၊ ထိုလေးဦးထက် ပိုမိုသော အရွယ်ရောက်ပြီးသူ တစ်ဦးစီအတွက် နှစ်ဧကနှင့် ဒသမ ငါးဆယ်အထိ။

(ဂ) ပုဒ်မ ၆၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ဂ) တွင် သီးခြားဖော်ပြထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်သော အရွယ်မရောက်သေးသူ တစ်ဦး ပိုင်ဆိုင်သည့်လယ်ယာမြေ ဖြစ်ခဲ့လျှင်၊ သုံးဧကအထိ။

(ဃ) ပုဒ်မ ၆၊ ပုဒ်မခွဲ(၁)၊ အပိုဒ်(ဃ)တွင် သီးခြားဖော်ပြထားသည့်စည်းကမ်းချက်များနှင့် ညီညွတ်သော စိတ်ပေါ့သွပ်သူ တစ်ဦးပိုင်ဆိုင်သည့် လယ်ယာမြေဖြစ်ခဲ့လျှင်၊ သုံးဧကအထိ။

(င) ပုဒ်မ ၆၊ ပုဒ်မခွဲ (၁)၊ အပိုဒ်(င) တွင် သီးခြားဖော်ပြထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်သော တောင်သူလယ်သမား မဟုတ်သည့် အိမ်ထောင်သားစုပိုင်ဆိုင်သည့် လယ်ယာမြေဖြစ်ခဲ့လျှင်၊ခြောက်ဧကအထိ။

*(စ) ပုဒ်မ ၆၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (စ) တွင် သီးခြား ဖော်ပြထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်သော တောင်သူလယ်သမား အိမ်ထောင်သားစု ပိုင်ဆိုင်သည့် လယ်ယာမြေဖြစ်ခဲ့လျှင်၊ ခြောက်ဧကအထိ။

ခြွင်းချက်။ ။သို့ရာတွင် အပိုဒ်ခွဲ(ဂ) အရ၊ ကင်းလွတ်ခွင့် တောင်းဆိုခြင်းသည် တောင်သူလယ်သမား အိမ်ထောင်သားစု တစ်စုတည်းမှ၊ တစ်ဦးထက် ပိုမိုသော အရွယ်မရောက်သူများအတွက် ဖြစ်ခဲ့လျှင် ကင်းလွတ်ခွင့်ပေးသော လယ်ယာမြေအားလုံး၏ ဧရိယာသည်၊ ဧက တစ်ဆယ်ထက် မပိုစေရ။

---

*ပြင်ဆင်ချက် အက်ဥပဒေအမှတ် ၂၂၊ [illegible] ၁၉၅၄ ခုနှစ်၊ မတ်လ ၃၀ ရက်အရ၊ ထည့်သွင်းထားသည်။

၄။ ။ကြေးတိုင်စာရင်းများတွင် ကြံမြေမျိုးကြီးများ ဟူ၍သော်လည်းကောင်း၊ မြေစာရင်းဌာန စာရင်းများတွင် ကြံစိုက်ပျိုးသည့်မြေ ဟူ၍သော်လည်းကောင်း၊ အမျိုးအစားများ ခွဲခြားဆားသည့်၊ သို့တည်းမဟုတ် ထိုသို့သောစာရင်းများ မထားရှိလျှင်၊ သာမန်အားဖြင့် ကြံစိုက်ပျိုးရန်အတွက် အသုံးပြုသည့်မြေများ ဖြစ်ခဲ့လျှင်——

(က) ပုဒ်မ ၆၊ ပုဒ်မခွဲ (၁)၊ အပိုဒ်(က)တွင် သီးခြားဖော်ပြထားသည့်စည်းကမ်းချက်များနှင့် ညီညွတ်သော တောင်သူလယ်သမား အိမ်ထောင်သားစု ပိုင်ဆိုင်သည့် လယ်ယာမြေဖြစ်ခဲ့လျှင်၊ ** [တစ်ဆယ်] ဧကအထိ။

(ခ) ပုဒ်မ ၆၊ ပုဒ်မခွဲ (၁)၊ အပိုဒ်(ခ)၊ အပိုဒ်ခွဲ(ကက)၊ (ခခ)၊ (ဂဂ) နှင့် (ဃဃ) တွင် သီးခြားဖော်ပြထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်သည့် တစ်လုံးတစ်စည်းတည်းဖြစ်၍၊ ပစ္စည်း မခွဲဝေရသေးသော တောင်သူလယ်သမား အိမ်ထောင်သားစု ပိုင်ဆိုင်သည့် လယ်ယာမြေဖြစ်ခဲ့လျှင် ** [တစ်ဆယ်] ဧကအထိ။ ၎င်းပြင်၊ ထိုအိမ်ထောင်သားစုတွင် အရွယ်ရောက်ပြီးသူ ဦးရေသည်၊ လေးဦးထက်ပိုမိုသည့်ပြင်၊ထိုအိမ်ထောင်သားစုသည်၊ ပုဒ်မ ၆၊ ပုဒ်မခွဲ (၁)၊ အပိုဒ်(ခ)၏ ပထမခြွင်းချက်တွင် သီးခြားဖော်ပြထားသော စည်းကမ်းချက်များနှင့် ညီညွတ်လျှင်၊ ထိုလေးဦးထက်ပိုမိုသောအရွယ်ရောက်ပြီးသူ တစ်ဦးစီအတွက် ** [နှစ်ဧကနှင့် ဒသမ ငါးဆယ်အထိ]။

(ဂ) ပုဒ်မ ၆၊ ပုဒ်မခွဲ(၁)၊အပိုဒ်(ဂ)တွင် သီးခြားဖော်ပြထားသည့် စည်းကမ်းချက်များနှင့်ညီညွတ်သော အရွယ်မရောက်သေးသူ တစ်ဦး ပိုင်ဆိုင်သည့် လယ်ယာမြေဖြစ်ခဲ့လျှင်၊ ** [ငါး] ဧကအထိ။

(ဃ) ပုဒ်မ ၆၊ ပုဒ်မခွဲ(၁)၊အပိုဒ်(ဃ)တွင် သီးခြားဖော်ပြထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်သော စိတ်ပေါ့သွပ်သူတစ်ဦး ပိုင်ဆိုင်သည့်လယ်ယာမြေဖြစ်ခဲ့လျှင်၊ ** [ငါး] ဧကအထိ။

(င) ပုဒ်မ ၆၊ ပုဒ်မခွဲ(၁)၊ အပိုဒ်(င)တွင် သီးခြားဖော်ပြထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်သော တောင်သူလယ်သမားမဟုတ်သည့် အိမ်ထောင်သားစု ပိုင်ဆိုင်သည့် လယ်ယာမြေဖြစ်ခဲ့လျှင်၊ **[ငါး]ဧကအထိ။

*(စ) ပုဒ်မ ၆၊ ပုဒ်မခွဲ(၁)၊အပိုဒ်(စ)တွင် သီးခြားဖော်ပြထားသည့် စည်းကမ်းချက်များနှင့် ညီညွတ်သော တောင်သူလယ်သမား အိမ်ထောင် သားစု ပိုင်ဆိုင်သည့် လယ်ယာမြေဖြစ်ခဲ့လျှင်၊ ငါးဧကအထိ။

ခြွင်းချက်။ ။သို့ရာတွင်၊ အပိုဒ်ခွဲ(ဂ) အရ၊ ကင်းလွတ်ခွင့် တောင်းဆိုခြင်းသည် တောင်သူလယ်သမား အိမ်ထောင်သားစု တစ်စုတည်းမှ၊ တစ်ဦးထက် ပိုမိုသော အရွယ်မရောက်သေးသူများအတွက် ဖြစ်ခဲ့လျှင်၊ ကင်းလွတ်ခွင့်ပေးသော လယ်ယာမြေအားလုံး၏ ဧရိယာသည်** [တစ်ဆယ်ဧက] ထက် မပိုစေရ။

---

*ပြင်ဆင်ချက် အက်ဥပဒေအမှတ် ၂၂၊ နေ့စွဲ ၁၉၅၄ ခုနှစ်၊ မတ်လ ၃၀ ရက်အရ၊ ထည့်သွင်းထားသည်။

** ပြင်ဆင်ချက် အက်ဥပဒေအမှတ် ၂၂၊ နေ့စွဲ ၁၉၅၄ ခုနှစ်၊ မတ်လ ၃၀ ရက် အရ၊ ပြင်ဆင်ထားသည်။

၅။ ။ကြေးတိုင်စာရင်းများတွင် ဓနိမြေမျိုးကြီးများ ဟူ၍သော်လည်းကောင်း၊ မြေစာရင်းဌာနစာရင်းများတွင်ဓနိမြေဟု အမျိုးအစားခွဲခြားထားသည့်၊သို့တည်းမဟုတ် ထိုသို့သောစာရင်းများမထားရှိလျှင်၊သာမန်အားဖြင့်ဓနိစိုက်ပျိုးရန်အတွက် အသုံးပြုသည့် ဓနိမြေအားလုံး။

၆။ ။ကြေးတိုင်စာရင်းများတွင်၊ ပံ့ခုက္ကူခရိုင်ရှိ (KG) ဟု သတ်မှတ်ထားသော မြေများနှင့်ဟင်္သာတခရိုင်ရှိ(BV)ကွမ်းပင် စိုက်ပျိုးသော မြေများဟု သတ်မှတ်ထားသည့် မြေများပါဝင်သည့် ဥယျာဉ်မြေမျိုးကြီးများ ဟူ၍သော်လည်းကောင်း၊ မြေစာရင်းဌာန စာရင်းများတွင် ဥယျာဉ်မြေ၊ခြံမြေဟူ၍သော်လည်းကောင်း၊အမျိုးအစားခွဲခြားထားသည့် သို့တည်းမဟုတ်ထိုသို့သော စာရင်းများ မထားရှိလျှင်၊သာမန်အားဖြင့် ဥယျာဉ်သီးနှံများ စိုက်ပျိုးရန်အတွက် အသုံးပြုသည့် ဥယျာဉ်မြေအားလုံး။

၇။ ။ကြေးတိုင်စာရင်းများတွင် (RR) ဟု မှတ်သားထားသော ကြက်ပေါင်စေး ဂရန်များ အပါအဝင်၊ ကြက်ပေါင်စေး မြေမျိုးကြီးများ ဟူ၍သော်လည်းကောင်း ၊ မြေစာရင်းဌာန စာရင်းများတွင်၊ ကြက်ပေါင်စေးပင် စိုက်ပျိုးသော မြေများဟူ၍သော်လည်းကောင်း၊ အမျိုးအစား ခွဲခြားထားသည့်၊ သို့တည်းမဟုတ် ထိုသို့သောစာရင်းများ မထားရှိလျှင်၊ သာမန်အားဖြင့်ကြက်ပေါင်စေးပင်များ စိုက်ပျိုးရန်အတွက် အသုံးပြုသည့် မြေအားလုံး။

၈။ ။သာသနာရေး အဆောက်အအုံများ၊ သို့တည်းမဟုတ် သာသနာဝန်ထမ်းများ ပိုင်ဆိုင်သည့် လယ်ယာမြေအားလုံး။

* ဇယား ၂

မြေအမျိုးအစား	လျော်ကြေး
၁။ (က) အထက်မြန်မာပြည် မြေနှင့်အခွန်တော် ဥပဒေ (The Upper Burma Land and Revenue Regulation) အရ၊ နိုင်ငံတော်ပိုင်မြေဟု သတ်မှတ်ပြီးလျှင်၊ အဆိုပါ ဥပဒေ အတည်ဖြစ်သော ဒေသများ၌ တည်ရှိသည့် လယ်ယာမြေ။ (ခ) ပြည်နယ်အတွင်းရှိ နိုင်ငံတော်ပိုင်မြေဟု သတ်မှတ်ထားသော လယ်ယာမြေ။	၁။ မြေခွန်တော်နှင့် ညီမျှသော လျော်ကြေး။
၂။ (က) အထက် မြန်မာပြည် မြေနှင့် အခွန်တော် ဥပဒေ (The Upper Burma Land and Revenue Regulation) အရ၊ နိုင်ငံတော်ပိုင်မြေဟု သတ်မှတ်သည့် လယ်ယာမြေမှအပ၊ အဆိုပါ ဥပဒေ အတည်ဖြစ်သောဒေသများတွင် တည်ရှိသည့် အခြားလယ်ယာမြေ။ (ခ) ပြည်နယ်အတွင်းရှိ နိုင်ငံတော်ပိုင်မြေဟု သတ်မှတ် ထားသည့် လယ်ယာမြေမှ အပ အခြားလယ်ယာမြေ။	၂။ ၁၉၅၃ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့ မတိုင်မီက လွှဲပြောင်းပြီး ဖြစ်ကြောင်းကို ထိုနေ့မတိုင်မီက ရေးစာတို မှတ်ပုံတင်ပြီးသော၊ သို့တည်းမဟုတ် ထိုနေ့မတိုင်မီက သက်ဆိုင်ရာ မြေစာရင်းဌာန စာရင်းတွင် မှတ်သားထားပြီး ဖြစ်သော လယ်ယာမြေ အပေါ်တွင် ပိုင်ဆိုင်ခွင့် ရရှိထားသူ တစ်ဦးတစ်ယောက်၏၊ သို့တည်းမဟုတ် ဘဏ်၏၊ သို့တည်းမဟုတ် ကုမ္ပဏီ၏၊ သို့တည်းမဟုတ်အဖွဲ့အစည်း၏၊ သို့တည်းမဟုတ် ကုန်ဖက်စပ် လုပ်ငန်း၏၊ သို့တည်းမဟုတ် ပစ္စည်းမခွဲဝေရသေးသည့် ဟိန္ဒူလူမျိုး အိမ်ထောင် သားစု၏ ပိုင်ဆိုင်ခွင့် ရရှိထားသော လယ်ယာမြေများအနက်၊ ဤအက်ဥပဒေအရ နိုင်ငံတော်က ပြန်လည် သိမ်းယူ ပိုင်ခွင့် ရှိသည့် လယ်ယာမြေ ဧကစုစုပေါင်း၏— (က) ပထမ ဧက ၁၀၀ အတွက် မြေခွန်တော်၏တစ်ဆယ့် နှစ်ဆနှင့် ညီမျှသောလျော်ကြေး။

* ပြင်ဆင်ချက် အက်ဥပဒေ အမှတ် ၂၂၊ နေ့စွဲ ၁၉၅၄ ခုနှစ်၊ မတ်လ ၃၀ ရက်အရ၊ ပြင်ဆင်ထည့်သွင်းထားသည်။

* ဇယား ၂။ ။အဆက်

မြေအမျိုးအစား	လျော်ကြေး
	(ခ) နေ့တွက် ကေ ၁၀၀ အတွက် မြေ ခွန် တော် ၏ တစ် ဆယ့် တစ်ဆနှင့် ညီမျှသော လျော်ကြေး။
	(ဂ) နေ့တွက် ေက ၁၀၀ အတွက် မြေခွန် တော်၏ ဆယ်ဆ နှင့် ညီမျှသော လျော်ကြေး။
	(ဃ) နေ့တွက် ကေ ၁၀၀ အတွက် မြေ ခွန် တော် ၏ ကိုးဆနှင့် ညီမျှသော လျော်ကြေး။
	(င) နေ့တွက် ကေ ၁၀၀ အတွက် မြေခွန် တော်၏ ရှစ် ဆ နှင့် ညီမျှသော လျော်ကြေး။
	(စ) နေ့တွက် ကေ ၁၀၀ အတွက် မြေခွန် တော် ၏ ခုနစ်ဆ နှင့် ညီမျှသော လျော်ကြေး။
	(ဆ) နေ့တွက် ကေ ၁၀၀ အတွက် မြေခွန်တော်၏ ခြောက်ဆနှင့် ညီမျှသော လျော်ကြေး။
	(ဇ) နေ့တွက် ကေ ၁၀၀ အတွက် မြေခွန်တော်၏ ငါးဆ နှင့် ညီမျှသော လျော်ကြေး။
	(ဈ) နေ့တွက် ကေ ၁၀၀ အတွက် မြေခွန်တော်၏ လေးဆ နှင့် ညီမျှသော လျော်ကြေး။
	(ည) နေ့တွက် ကေ ၁၀၀ အတွက် မြေခွန်တော်၏ သုံးဆ နှင့် ညီမျှသော လျော်ကြေး။
	(ဋ) နေ့တွက် ကေ ၁၀၀ အတွက် မြေခွန်တော်၏ နှစ်ဆ နှင့် ညီမျှသော လျော်ကြေး။

* ပြင်ဆင်ချက်အက်ဥပဒေ အမှတ် ၂၂၊ နေ့စွဲ ၁၉၅၄ ခုနှစ်၊ မတ်လ ၃၀ ရက်အရ ပြင်ဆင်ထည့်သွင်းထားသည်။

*ဇယား ၂။ ။အဆက်

မြေအမျိုးအစား	လျော်ကြေး
	(၄) ကျန် ကေများအတွက် မြေခွန် တော် နှင့် ညီမျှ သော လျော်ကြေး။
၃။ မြေနှင့် အခွန်တော် အက် ဥပဒေ (The Land and Revenue Act) ပုဒ်မ ၇ အရ၊ အခွင့် အရေး များ ရရှိပြီးလျှင်၊ အဆိုပါ အက် ဥပဒေ အတည် ဖြစ်သော ဒေသ များတွင် တည်ရှိသည့် လယ်ယာမြေ။	၃။ ၁၉၅၃ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့ မတိုင်မီက လွှဲပြောင်းပြီး ဖြစ်ကြောင်း ကို ထိုနေ့ မတိုင်မီက ရေစစ္စတြီ မှတ်ပုံတင်ပြီးသော၊ သို့တည်း မဟုတ် ထိုနေ့ မတိုင်မီကသက်ဆိုင်ရာ မြေစာရင်းဌာန စာရင်းတွင်မှတ်သားထားပြီး ဖြစ်သော လယ်ယာမြေပေါ်တွင် ပိုင်ဆိုင်ခွင့် ရရှိ ထားသူ တစ်ဦးတစ်ယောက်၏၊သို့တည်း မဟုတ် ဘဏ်၏၊ သို့တည်းမဟုတ် ကုမ္ပဏီ ၏၊ သို့တည်းမဟုတ် အဖွဲ့ အစည်း ၏၊ သို့တည်းမဟုတ် ကုန်ဖက်စပ်လုပ်ငန်း၏၊ သို့တည်း မဟုတ် ပစ္စည်း မခွဲဝေရသေး သည့် ဟိန္ဒူလူမျိုး အိမ်ထောင်သားစု၏၊ ပိုင်ဆိုင်ခွင့် ရရှိထားသော လယ်ယာမြေ များအနက်၊ ဤအက်ဥပဒေအရ နိုင်ငံတော်ကပြန်လည် သိမ်းယူပိုင်ခွင့် ရှိသည့် လယ်ယာမြေ ကေစုစုပေါင်း၏— (က) ပထမ ကေ ၁၀၀ အတွက် မြေခွန်တော်၏တစ်ဆယ့်နှစ်ဆ နှင့် ညီမျှသော လျော်ကြေး။ (ခ) နောက် ကေ ၁၀၀ အတွက် မြေ ခွန် တော် ၏ တစ် ဆယ့် တစ်ဆနှင့် ညီမျှသော လျော်ကြေး။ (ဂ) နောက်ကေ ၁၀၀ အတွက် မြေခွန်တော်၏ ဆယ်ဆ နှင့် ညီမျှသော လျော်ကြေး။

* ပြင်ဆင်ချက် အက်ဥပဒေ အမှတ် ၂၂၊ နေ့စွဲ ၁၉၅၄ ခုနှစ်၊ မတ်လ ၃၀ ရက်အရ၊ ပြင်ဆင်ထည့်သွင်းထားသည်

*ဇယား ၂။ ။အဆုံး

မြေအမျိုးအစား	လျော်ကြေး
	(ဃ) နောက် ကေ ၁၀၀ အတွက် မြေခွန်တော်၏ ကိုးဆ နှင့် ညီမျှသော လျော်ကြေး။ (င) နောက် ကေ ၁၀၀ အတွက် မြေခွန်တော်၏ ရှစ်ဆ နှင့် ညီမျှသော လျော်ကြေး။ (စ) နောက် ကေ ၁၀၀ အတွက် မြေခွန်တော်၏ ခုနစ်ဆ နှင့် ညီမျှသော လျော်ကြေး။ (ဆ) နောက် ကေ ၁၀၀ အတွက် မြေခွန်တော်၏ ခြောက်ဆ နှင့် ညီမျှသော လျော်ကြေး။ (ဇ) နောက် ကေ ၁၀၀ အတွက် မြေခွန်တော်၏ ငါးဆ နှင့် ညီမျှသော လျော်ကြေး။ (ဈ) နောက် ကေ ၁၀၀ အတွက် မြေခွန်တော်၏ လေးဆ နှင့် ညီမျှသော လျော်ကြေး။ (ည) နောက် ကေ ၁၀၀ အတွက် မြေခွန်တော်၏ သုံးဆ နှင့် ညီမျှသော လျော်ကြေး။ (ဋ) နောက် ကေ ၁၀၀ အတွက် မြေခွန်တော်၏ နှစ်ဆ နှင့် ညီမျှသော လျော်ကြေး။ (ဌ) ကျန် ကေ များအတွက် မြေခွန် တော် နှင့် ညီ မျှ သော လျော်ကြေး။
၄။ မြေနှင့်အခွန်တော် အက်ဥပဒေ (The Land and Revenue Act) ပုဒ်မ ၇ အရ၊ အခွင့်အရေးများ ရရှိပြီးဖြစ်သည့် လယ်ယာမြေများမှအပ၊ အဆိုပါအက်ဥပဒေ အတည်ဖြစ်သော ဒေသများတွင် တည်ရှိသည့် အခြား လယ်ယာမြေများ။	၄။ မြေခွန်တော်နှင့် ညီမျှသော လျော်ကြေး။

*ပြင်ဆင်ချက် အက်ဥပဒေအမှတ် ၂၂၊ နေ့စွဲ ၁၉၅၄ ခုနှစ်၊ မတ်လ ၃၀ ရက်အရ ထည့်သွင်းထားသည်။

ပ၊စ၊ကြ/၁၅၆၈၅၂/မဟိုမြေယာကော်မတီ/၄၀၀၀ + ၁၀ အုပ်/၀၇/၁။